ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်၊ အင်္ဂါနေ့။ Tuesday, 5 March 2024 ၁၁၃၉၁

## ကုသိုလ်ကောင်းမှု နေ့စဉ်ပြု

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။
၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။
၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။
၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။
၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မန်တုံ၊ နမ့်ဆန်နှင့် နမ္မတူမြို့နယ်တို့အား စစ်အုပ်ချုပ်ရေးကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ် ၃/၂၀၂၄**

၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်
( ၂၀၂၄ ခုနှစ်၊ မတ်လ ၄ ရက် )

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေဖြစ်သည့် ရှမ်းပြည်နယ်အတွင်းရှိ အောက်ပါမြို့နယ်များ၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး(Martial Law)အာဏာကို ကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းလိုက်သည်-
(က) မန်တုံမြို့နယ်
(ခ) နမ့်ဆန်မြို့နယ်
(ဂ) နမ္မတူမြို့နယ်
၂။ တိုင်းမှူးသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေ အရပ်ရပ်အပေါ်မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍ လည်းကောင်း စစ်အုပ်ချုပ်ရေး(Martial Law)အာဏာကို ကျင့်သုံးနိုင်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

### ယနေ့ ဖတ်စရာ

**ဖျော်ဖြေပွဲညတစ်ညမှသည် ပွင့်သောပန်းတိုင်းလန်းရမည်**
ဆောင်းပါး စာမျက်နှာ » ၆

**စိုက်ပျိုးရေးထွက်ကုန်များအပေါ် ဂျပန်နိုင်ငံ၏ ပိုးသတ်ဆေးဓာတ်ကြွင်း အမြင့်ဆုံးကန့်သတ်ချက်များဆိုင်ရာ အသိပညာမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ**
စာမျက်နှာ » ၁၀

**နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ၊ စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများ လာရောက်ပေးအပ်**
စာမျက်နှာ » ၁၅

**ကံပိုင်တည်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ**
စာမျက်နှာ » ၁၈



AWPT ဆိပ်ကမ်းတံတားတွင် ပြည်ပတင်ပို့မည့် ပဲနှင့်အခြားကုန်သေတ္တာများ သင်္ဘောပေါ်သို့တင်နေစဉ်။

# ပွင့်လင်းရာသီ ရန်ကုန်ဆိပ်ကမ်း၌ ပြည်ပသို့ ဆန်၊ ပဲ၊ ပြောင်း တင်ပို့မည့် သင်္ဘောကြီးများဖြင့် စည်ကားလျက်ရှိ

ရန်ကုန် မတ် ၄

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်ရာ နိုင်ငံ၏ အဓိကပြည်ပပို့ကုန်အဖြစ် လယ်ယာထွက်ကုန်စည်များဖြစ်ကြသော ဆန်နှင့် ဆန်ထွက်ပစ္စည်းများ၊ ပဲအမျိုးမျိုးနှင့် ပြောင်းတို့ကို ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် ပြည်ပသို့ အထွေထွေကုန်စည်တင်သင်္ဘောများကို အသုံးပြု၍ ဝမ်းပုံစနစ်ဖြင့် တင်ပို့လျက်ရှိသည့်အပြင် ကုန်သေတ္တာတင်သင်္ဘောများကိုပါ အသုံးပြု၍လည်း တင်ပို့လျက်ရှိသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့်အချက်အလက်များအရ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလမှ ဇန်နဝါရီလအထိ ၁၀ လ အတွင်း လယ်ယာထွက်ကုန် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂ ဘီလီယံနီးပါးကို ပင်လယ်ရေကြောင်းမှ ပြည်ပသို့ တင်ပို့ခဲ့ပြီးကြောင်း သိရသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍

ကြေးမုံ

# အခြေခံသီးနှံများတိုးတက်ထုတ်လုပ်ကြိုးပမ်း

လောကတွင် “အူမတောင့်မှ သီလစောင့်နိုင်” ဆိုသကဲ့သို့ သမုဒ္ဒရာဝမ်းတစ်ထွာဝလျှင် ကောင်းကျိုးအဖြာဖြာတို့ကို ဆောင်ရွက်နိုင်ကြသည်။ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် အခြေခံပြည်သူအများစု အူမတောင့်ရန်အတွက် အခြေခံစားသုံးကုန်သီးနှံဖြစ်သော ဆန်နှင့် ဆီ လောက်ငဖူလုံရေးသည် အရေးအကြီးဆုံးဖြစ်သည်။ ထို့ကြောင့် ဆန်ဖူလုံရေး၊ ဆီဖူလုံရေး၊ ဆန်ဈေးနှုန်း၊ ဆီဈေးနှုန်းတည်ငြိမ်ရေး ကြိုးပမ်းဆောင်ရွက်နေကြသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံတွင် အဓိကစားသုံးသီးနှံဖြစ်သည့် ဆန်စပါးနှင့် ဆီထွက်သီးနှံတို့ကို ကောင်းမွန်ပြည့်စုံအောင် စိုက်ပျိုးနိုင်သည်။ ဆန်ကို ပြည်တွင်း၌ ဖူလုံလောက်သည့်အပြင် ပိုလျှံသည်တို့ကို ပြည်ပသို့ပင် တင်ပို့ရောင်းချလျက်ရှိသည်။ ဆီထွက်သီးနှံကိုမူ ရည်မှန်းသည့်အတိုင်း စိုက်ပျိုးနိုင်ကြသော်လည်း ပြည်တွင်းစားသုံးမှု၌ လောက်ငဖူလုံခြင်းမရှိသဖြင့် ပြည်ပမှ နှစ်စဉ်တင်သွင်းနေရသည်။ စားသုံးဆီကို လိုအပ်သည်ထက် ပိုမိုစားသုံးနေကြသဖြင့် ပြည်သူအချို့မှာ ကျန်းမာရေးအရ ထိခိုက်မှုများရှိနေသည်။ ပြည်တွင်းလိုအပ်ချက်အတွက် ပြည်ပမှနှစ်စဉ်တင်သွင်းနေရသဖြင့် နိုင်ငံခြားငွေ အပိုကုန်ကျမှုများရှိနေသည်။

စားသုံးဆီကို လိုသလောက် သင့်တင့်မျှတစွာသုံးစွဲခြင်းဖြင့် ကျန်းမာရေးကောင်းမွန်မှုကို အထောက်အကူပြုနိုင်သည့်အပြင် အပိုကုန်ကျငွေ လျော့နည်းသွားသဖြင့် လူမှုစီးပွားဘဝတိုးတက်ရေးကို အထောက်အကူပြုနိုင်သည်။ စားသုံးဆီကို ပြည်တွင်းထုတ်ဖြစ်စေ၊ ပြည်ပထုတ်ဖြစ်စေ သုံးစွဲကြသဖြင့် ဆီဖူလုံလောက်ငရေးသည် အဓိကဖြစ်သည်။ ပြည်တွင်းမှထုတ်လုပ်သည့် စားသုံးဆီလုံလောက်အောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်သောကြောင့် ဆီထွက်သီးနှံအမျိုးမျိုး တိုးမြှင့်ထုတ်လုပ်ရေးကို ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်သည်။ နိုင်ငံတော်အနေဖြင့် ပြည်တွင်းစားသုံးဆီဖူလုံစွာထုတ်လုပ်နိုင်ရန် ဆီထွက်သီးနှံများ ဧကပြည့်မီအောင်စိုက်ပျိုးပြီး ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

လတ်တလောတွင် ပြည်သူများအတွက် အဓိကသီးနှံ၊ အခြေခံသီးနှံဖြစ်သော ဆန်နှင့် ဆီ ဈေးနှုန်းများတည်ငြိမ်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ လက်ရှိတွင် ဆန်ဈေးနှုန်း၊ ဆီဈေးနှုန်းများ မြင့်မားလာသဖြင့် အခြေခံပြည်သူများအတွက် အခက်အခဲများဖြစ်ပေါ်လျက်ရှိသည်။ ဝင်ငွေနည်းပါးသော ပြည်သူများအတွက် အကျပ်အတည်းများ ဖြစ်ပေါ်လာသည်။ စက်သုံးဆီဈေးနှုန်းမြင့်မားလာခြင်းသည် ကုန်စည်ဈေးနှုန်းနှင့် တိုက်ရိုက်အချိုးကျသဖြင့် စက်သုံးဆီဈေးနှုန်းတည်ငြိမ်ရေးကိုလည်း ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။ ဆန်နှင့်ပတ်သက်၍လည်း အလားတူဖြစ်ပြီး ပြည်ပသို့ဆန်တင်ပို့မှုမှ ဈေးနှုန်းမြင့်မားမှုရှိလာနိုင်သဖြင့် ပြည်ပဆန်တင်ပို့မှုကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။

ဆန်ဈေးနှုန်း၊ ဆီဈေးနှုန်းများသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသည့် ကာလမှစတင်၍ တစ်စတစ်စဈေးနှုန်းမြင့်မားလာသည်ကို တွေ့ရသည်။ စားသုံးဆီကို ပြည်ပမှတင်သွင်းလျက်ရှိရာ၌ အဓိကထုတ်လုပ်သော မလေးရှား၊ အင်ဒိုနီးရှား၊ ယူကရိန်းနိုင်ငံတို့၏ နိုင်ငံရေး၊ စီးပွားရေးဂယက်ရိုက်ခတ်မှု အခြေအနေများကြောင့် ဆီဈေးနှုန်းသည် ယခင်ကထက် ပိုမိုမြင့်မားလာသည်။ နိုင်ငံတော်အနေဖြင့် နိုင်ငံခြားငွေ အပိုကုန်ကျမှုလျော့ကျစေရန်နှင့် ပြည်တွင်း၌ ဆီထွက်သီးနှံပင်များ ပိုမိုစိုက်ပျိုးလာစေရန်ရည်ရွယ်ပြီး ပြည်ပမှစားသုံးဆီတင်သွင်းမှုကို ပြည်တွင်း၌ လောက်ငရေးကို ချင့်ချိန်ပြီး ကန့်သတ်တင်သွင်းစေခဲ့သည်။ တစ်ဖက်တွင် ဈေးနှုန်းတည်ငြိမ်မှုရှိစေရေးအတွက် နိုင်ငံခြားငွေကို သတ်မှတ်ရည်ညွှန်းဈေးနှုန်း ရောင်းချပေးခဲ့သည်။

ပြည်သူများအတွက် အရေးကြီးကုန်ပစ္စည်းဖြစ်သည့် ဆန်နှင့်ဆီကို နိုင်ငံတော်က ထိုသို့ဆောင်ရွက်ပေးလျက်ရှိသော်လည်း အချို့သောဈေးကစားသည့်လုပ်ငန်းရှင်များနှင့် သိုလှောင်သူများကြောင့် ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် ဈေးနှုန်းမြင့်တက်မှုများ ဖြစ်ပေါ်ခဲ့သည်။ နိုင်ငံတော်အနေဖြင့် ပြည်သူများ သက်သာသောနှုန်းထားဖြင့် ဝယ်ယူနိုင်ရန် နိုင်ငံတစ်ဝန်း မြို့နယ်အလိုက် ရည်ညွှန်းဈေးနှုန်းများအတိုင်း အဆက်မပြတ်ရောင်းချပေးလျက်ရှိရာ စားအုန်းဆီဈေးနှုန်းကို ထိန်းသိမ်းနိုင်ခဲ့သည်။ နိုင်ငံတော်အနေဖြင့် ပြည်သူများ၏အကျိုးစီးပွားအတွက် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်သူတို့ကို အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထားသည်။

သို့ဖြစ်ရာ ပြည်သူများ ဝမ်းရေးအတွက် အဓိကကုန်ပစ္စည်းဖြစ်သည့် ဆန်နှင့် ဆီ လောက်ငဖူလုံပိုလျှံရေး၊ ဈေးနှုန်းများတည်ငြိမ်ရေးအတွက် ဆန်နှင့် ဆီထွက်သီးနှံများ တိုးမြှင့်စိုက်ပျိုးထုတ်လုပ်ရေး၊ အဆင်ပြေလွယ်ကူစွာ ဖြန့်ဖြူးရောင်းချပေးရေးတို့ကို နိုင်ငံတော်၏ ပံ့ပိုးဆောင်ရွက်ပေးမှုများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## တပ်မတော်နေ့ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး လုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## သံအမတ်ကြီး ဦးကျော်စိုးမင်း ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မတ် ၅**

ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်စိုးမင်းသည် ၎င်း၏ ခန့်အပ်လွှာကို မတ် ၄ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ အထက်လွှတ်တော်၌ ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံအကြီးအကဲ အထက်လွှတ်တော် ဥက္ကဋ္ဌ ဆမ်ဒတ် ဗီဘိုဆီနာ ဖရက်ကဒေး စိုင်းချုံမ် ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။

သတင်းစဉ်



## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၄-၃-၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၃၀၀ | ၈,၃၀၀ | ၁,၂၃၅ | ၁၀,၂၅၀,၅၀၀ |
| MTSH | ၂,၈၅၀ | ၂,၉၀၀ | ၂,၈၉၅ | ၈၃၈၆,၅၀၀ |
| MCB | ၇,၈၀၀ | ၇,၇၀၀ | ၁၀ | ၇၇,၉၀၀ |
| FPB | ၁,၅၀၀ | ၁,၅၅၀ | ၁၂ | ၁၈,၁၀၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၃၆ | ၉၀,၀၀၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၁၈၄ | ၃၂၂,၀၀၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၉ | ၄၃,၂၀၀ |
| MAEX | ၁,၈၀၀ | ၁,၈၀၀ | ၁၉ | ၃၄,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ် ၄ / ၂၀၂၄ ထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ် ၄ / ၂၀၂၄**
၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်
(၂၀၂၄ ခုနှစ်၊ မတ်လ ၄ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်၊ ၂၀၂၄ ခုနှစ်၊ မတ်လ ၄ ရက်စွဲပါ စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ် ၃/၂၀၂၄ ဖြင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးအား စစ်အုပ်ချုပ်ရေးကြေညာထားသည့် မန်တုံမြို့နယ်၊ နမ့်ဆန်မြို့နယ်နှင့် နမ္မတူမြို့နယ်များအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law)အာဏာကိုကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းခဲ့ပါသည်။

၂။ စစ်အုပ်ချုပ်ရေးဒေသအတွင်းရှိ ဒေသအာဏာပိုင် အဖွဲ့အစည်းအဆင့်ဆင့်တို့သည် ယင်းတို့နှင့်သက်ဆိုင်သည့် လုပ်ငန်းတာဝန်များကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးကွပ်ကဲမှုအရ ဆောင်ရွက်ရမည်။

၃။ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးဒေသအတွင်း စစ်နယ်မြေများသတ်မှတ်၍ စစ်နယ်မြေမှူးများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ပြီး ခန့်ထားနိုင်သည်။

၄။ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးဒေသအတွင်း မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများဖြင့်သော်လည်းကောင်း၊ မိမိတာဝန်လွှဲအပ်သော ပုဂ္ဂိုလ်တစ်ဦးဦးသို့မဟုတ် အဖွဲ့ဖြင့်သော်လည်းကောင်း အောက်ပါကိစ္စများကို ပြီးမြောက်အောင်ဆောင်ရွက်ရမည်–

**(က) အုပ်ချုပ်ရေး**
(၁) လုံခြုံရေးကိစ္စရပ်များ၊
(၂) လူမှုရေးကိစ္စရပ်များ၊
(၃) ကုန်သွယ်ရေးကိစ္စရပ်များ၊
(၄) သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ။

**( ခ ) တရားစီရင်ရေး**
(၁) **တရားရုံးများဖွဲ့စည်းခြင်း။** အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးကာလအတွင်း ပြစ်မှုဆိုင်ရာမှုခင်းများကို တည်ဆဲဥပဒေအရ ဖွဲ့စည်းထားသော တရားရုံးများဖြင့်ဖြစ်စေ၊ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ပြီး ဖွဲ့စည်းသည့် စစ်ခုံရုံးများဖြင့်ဖြစ်စေ စစ်ဆေးစီရင်နိုင်သည်။
(၂) **စစ်ခုံရုံးဖြင့်စစ်ဆေးခြင်း။** စစ်ခုံရုံးများသည် ပြစ်မှုဆိုင်ရာမှုခင်းများကို အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်နိုင်သည်။
(၃) **ပြစ်ဒဏ်ချမှတ်ခြင်း။** နောက်ဆက်တွဲဇယား(က)ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သူတစ်ဦးအား စစ်ခုံရုံးက ပြစ်မှုထင်ရှားစီရင်ပါက တည်ဆဲဥပဒေများနှင့်အညီ အောက်ပါပြစ်ဒဏ်တစ်မျိုးမျိုးကို ချမှတ်ရမည်–
(ကက) သေဒဏ်၊
( ခခ ) နှစ်အကန့်အသတ်မရှိအလုပ်နှင့်ထောင်ဒဏ်၊
( ဂဂ ) သက်ဆိုင်ရာပြစ်မှုအလိုက် သတ်မှတ်ထားသော အမြင့်ဆုံးပြစ်ဒဏ်။
(၄) **အတည်ပြုခြင်း။** စစ်ခုံရုံးများက ချမှတ်သော ဆုံးဖြတ်ချက်များနှင့် စီရင်ချက်များသည် အပြီးအပြတ်ဖြစ်စေရမည်။ သို့ရာတွင် သေဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ အတည်ပြုခြင်းနှင့်ပတ်သက်သည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်–
(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း၊
( ခခ ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း၊
( ဂဂ ) ပြစ်ဒဏ်ကိုပို၍နိမ့်သောပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း၊
(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။
(၅) **အယူခံခြင်း။** စစ်ခုံရုံးများက ချမှတ်သောဆုံးဖြတ်ချက်၊ ပြစ်ဒဏ်ချမှတ်ချက်များနှင့်စပ်လျဉ်း၍ အယူခံပိုင်ခွင့်မရှိစေရ။
(၆) **ပြင်ဆင်မှုလျှောက်ထားခြင်း။** စစ်ခုံရုံးများက သေဒဏ်စီရင်ပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ (၁၅)ရက်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့ လည်းကောင်း၊ အခြားပြစ်ဒဏ်ချမှတ်ခြင်းခံရပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ (၁၅)ရက်အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးထံသို့လည်းကောင်း ပြင်ဆင်မှုလျှောက်ထားနိုင်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် မိမိသဘောအလျောက်လည်း ပြင်ဆင်မှုဖွင့်၍ဆောင်ရွက်နိုင်သည်။ ပြင်ဆင်မှုစီရင်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်–
(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း၊
( ခခ ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း၊
( ဂဂ ) ပြစ်ဒဏ်ကို ပို၍နိမ့်သော ပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း၊
(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။
(၇) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက မိမိသဘောအလျောက် ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်သည့်ကိစ္စတွင် အထက်အပိုဒ်ငယ်(၆)တွင်ပါရှိသော လုပ်ပိုင်ခွင့်များအပြင် ပြစ်ဒဏ်ကို တိုးမြှင့်နိုင်သည်။

၅။ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် မိမိ၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် စစ်အုပ်ချုပ်ရေးအကြံပေးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

၆။ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးဒေသအတွင်း ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့ အစီရင်ခံရမည်။

အမိန့်အရ

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

နောက်ဆက်တွဲဇယား(က)

**စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုများ**

၁။ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု(ရာဇသတ်ကြီးပုဒ်မ ၁၂၂)၊
၂။ အစိုးရကို အကြည်ညိုပျက်အောင်ပြုလုပ်မှု(ရာဇသတ်ကြီး ပုဒ်မ ၁၂၄ – က)၊
၃။ တပ်မတော် သို့မဟုတ် တရားဥပဒေစိုးမိုးရေးအဖွဲ့၏ ဆောင်ရွက်မှုကို နှောင့်နှေးစေခြင်း သို့မဟုတ် ပျက်ပြားစေခြင်း(ရာဇသတ်ကြီး ပုဒ်မ ၁၂၄ – ဂ)၊
၄။ တပ်မတော်သားများ သို့မဟုတ် အစိုးရအမှုထမ်းများကို ဟန့်တားခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း (ရာဇသတ်ကြီးပုဒ်မ ၁၂၄– ဃ)၊
၅။ ရာဇသတ်ကြီးပုဒ်မ ၅၀၅၊
၆။ အစိုးရဝန်ထမ်းတစ်ဦးအား ပြစ်မှုကျူးလွန်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိတ်လန့်စေခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်း၊ မမှန်သတင်းများဖြန့်ခြင်း(ရာဇသတ်ကြီးပုဒ်မ ၅၀၅ – က)၊
၇။ မတရားအသင်းအက်ဥပဒေအရ ပြစ်မှုများ၊
၈။ လက်နက်အက်ဥပဒေအရ ပြစ်မှုများ၊
၉။ လူသတ်မှု၊
၁၀။ လူသေမှု၊
၁၁။ မုဒိမ်းမှု၊
၁၂။ လုယက်မှု၊
၁၃။ ဓားပြမှု၊
၁၄။ အဂတိလိုက်စားမှု၊
၁၅။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ ပြစ်မှုများ၊
၁၆။ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရ ပြစ်မှုများ၊
၁၇။ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်းများ ကာကွယ်စောင့်ရှောက်ရေးဥပဒေအရ ပြစ်မှုများ၊
၁၈။ သတင်းမီဒီယာဥပဒေအရ ပြစ်မှုများ၊
၁၉။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ပြစ်မှုများ၊
၂၀။ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေအရ ပြစ်မှုများ၊
၂၁။ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေအရ ပြစ်မှုများ၊
၂၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေအရ ပြစ်မှုများ၊
၂၃။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ ပြစ်မှုများ။

## မနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

**နေပြည်တော် မတ် ၄**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအား တစ်နိုင်ငံလုံး အကြားအလပ်မရှိ တောင်တန်းမြေပြန့် မခွဲခြားဘဲ စဉ်ဆက်မပြတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေ ၁၄၉ ဒသမ ၅၉၄ ကျပ်သန်းဖြင့် ပင်းတယမြို့နယ် သစ်အယ်ပင်–ထယ်သွန်း ကျေးရွာချင်းဆက်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို သတ်မှတ်ချိန်ကာလအတွင်း ရာခိုင်နှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သည်။



အဆိုပါ ကျေးရွာချင်းဆက်လမ်းသည် ပင်းတယမြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာ၊ လူဦးရေ ၃၆၂၄ ဦးတို့၏ လူမှုစီးပွားဘဝများအတွက် များစွာအထောက်အကူပြုမည်ဖြစ်သဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် များစွာဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## လက်ပံတန်းမြို့၌ ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူခြင်းဆောင်ရွက်

**လက်ပံတန်း မတ် ၄**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဝန်ထမ်းများသည် မတ် ၄ ရက်က လက်ပံတန်းမြို့နယ် ဘီးလင်းတန်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ရပ်ကွက်နေပြည်သူများအား ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူခြင်း ဆောင်ရွက်နေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းအောင်၊ အဖွဲ့ဝင် ဗိုလ်မှူးကျော်ဝင်းခိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးမိုးတို့က သွားရောက်ကြည့်ရှု အားပေးကြကြောင်း သိရသည်။

အလားတူမြို့ပေါ်လေးရပ်ကွက်နှင့်ကျေးရွာအုပ်စု ၁၀ အုပ်စုတို့၌လည်းဆောင်ရွက်ပြီးစီးကြောင်း သိရသည်။

**အောင်ဆင့်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၂/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြား



**နေပြည်တော် မတ် ၄**

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၂/၂၀၂၄)ကိုယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီး ချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း တက်ရောက် အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ အတွင်းရေးမှူး စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ လုပ်ငန်းကော်မတီအဖွဲ့ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ပထမအကြိမ် အစည်းအဝေးတွင် ချမှတ်ခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက် ၁၀ ချက်အနက် ငါးချက်ကို ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ပါကြောင်း၊ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက် သုံးခုမှာ စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့် အချက်များဖြစ်ပါကြောင်း၊ ယခု အစည်းအဝေးတွင် ပြည်သူ့စစ်မှုထမ်း နည်းဥပဒေရေးဆွဲရေးနှင့် စံပြုလုပ်ထုံးလုပ်နည်း (Standard Operating Procedure – SOP) ပြုစုရေးဆွဲရေးတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက် ထားရှိမှုများကို ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာ စံပြုလုပ်ထုံးလုပ်နည်း (Standard Operating Procedure – SOP ) ပြုစုရေးဆွဲရေးနှင့် နည်းဥပဒေ ပြုစုရေးဆွဲရေး အလုပ်အဖွဲ့ကို စစ်ဥပဒေချုပ်ဥက္ကဋ္ဌအဖြစ် ပါဝင်သည့် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ ယင်းအလုပ်အဖွဲ့ အနေဖြင့် နည်းဥပဒေရေးဆွဲရေး အစည်းအဝေး နှစ်ကြိမ် ပြုလုပ်ခဲ့ပြီး နည်းဥပဒေ (တတိယမူကြမ်း) ကို ရေးဆွဲခဲ့ပြီးဖြစ်ပါကြောင်း၊ စံပြုလုပ်ထုံးလုပ်နည်း (Standard Operating Producer – SOP) ကိုလည်း ဥပဒေရေးရာဝန်ကြီး ဌာနနှင့် ပူးပေါင်း၍ ရေးဆွဲထားပြီး ဖြစ်ပါကြောင်း။

**ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်**

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့အနေဖြင့် လုပ်ငန်းများ စနစ်တကျ ဖြစ်စေရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးဦးစီးသည့်ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟို၊ ဥက္ကဋ္ဌရုံးအဖွဲ့ကို ဖေဖော်ဝါရီ ၂၀ ရက်တွင်လည်း ကောင်း၊ မြို့နယ်၊ ခရိုင်၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပြည်သူ့ စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များကို ဖေဖော်ဝါရီ ၂၂ ရက်တွင်လည်း ကောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေ နှင့်စပ်လျဉ်းသည့် အလုပ်အဖွဲ့ ရှစ်ဖွဲ့ကို ဖေဖော်ဝါရီ ၂၄ ရက်တွင် လည်းကောင်း၊ ပြည်သူ့စစ်မှုထမ်း ဆိုင်ရာ IT နည်းပညာနှင့် အချက် အလက် မှတ်တမ်းတင်ခြင်း အထောက်အကူပြု လုပ်ငန်းအဖွဲ့ နှင့် ပြည်သူ့စစ်မှုထမ်းများ အလုပ် အကိုင် ပြန်လည်ခန့်အပ်ရေး အလုပ်အဖွဲ့ကို ဖေဖော်ဝါရီ ၂၅ ရက်တွင်လည်းကောင်း ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဖွဲ့စည်းပေးထားသည့် အလုပ် အဖွဲ့များအနေဖြင့် ကဏ္ဍအလိုက် လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ပြည်သူ့စစ်မှုထမ်းများ လေ့ကျင့် ရေးအလုပ်အဖွဲ့အနေဖြင့် သင်တန်း များ စဉ်ဆက်မပြတ် ဖွင့်လှစ်နိုင် ရေး လေ့ကျင့်သင်ကြားပေးနိုင် မည့် သင်တန်းကျောင်းများကို လျာထားစီစဉ် ဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း။

ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့် စပ်လျဉ်း၍ ပြည်သူလူထုအတွင်း ထင်ယောင်ထင်မှားမဖြစ်စေရေး နှင့် သတင်းမှန်များ ကျယ်ကျယ် ပြန့်ပြန့်သိရှိနိုင်ရေး ပြည်သူ့စစ်မှု ထမ်းဆိုင်ရာ အချက်အလက်များ ကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်မှစ၍ Mobile Operator လေးခုမှတစ်ဆင့် Short Message Service (SMS)များ ပေးပို့ ဆောင်ရွက်လျက် ရှိပါကြောင်း၊ ပြန်ကြားရေး ဝန်ကြီးဌာနမှ ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိမှတ် ဖွယ်ရာ လက်ကမ်းစာစောင် စောင်ရေတစ်သိန်းအား တိုင်းဒေသ ကြီး၊ ပြည်နယ်များမှ တစ်ဆင့် ပြည်သူများသို့ အခမဲ့ဖြန့်ဝေပေး နိုင်ခဲ့ပြီး အချို့သော တိုင်းဒေသ ကြီး၊ ပြည်နယ်များတွင် ယင်းတို့ အစီအစဉ်ဖြင့် အခမဲ့ဖြန့်ဝေပေး နိုင်ခဲ့သည်ဟု သိရှိရပါကြောင်း၊ ထို့ပြင် မြန်မာ့အသံနှင့် ရုပ်မြင် သံကြား၊ မြဝတီရုပ်မြင်သံကြား နှင့် ရေဒီယိုတို့မှလည်း သတင်း၊ TV Spot၊ ဆောင်းပါး၊ အယ်ဒီတာ့ အာဘော်၊ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီ သတင်းထုတ်ပြန် ရေးအဖွဲ့ခေါင်းဆောင်မှ ပြည်သူ သို့ ပြောကြားချက်များစသည်ဖြင့် ထုတ်လွှင့်လျက်ရှိပါကြောင်း။

ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ စံပြုလုပ်ထုံးလုပ်နည်း (Standard Operating Procedure – SOP) ပြုစုရေးဆွဲရေးနှင့် နည်းဥပဒေ ပြုစုရေးဆွဲရေး အလုပ်အဖွဲ့မှ ရေးဆွဲထားသည့် နည်းဥပဒေ (တတိယမူကြမ်း)နှင့် စံပြုလုပ်ထုံး လုပ် နည်း (Standard Operating Procedure – SOP) တို့အား ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးကြ စေလိုကြောင်း ပြောကြားသည်။

**ဆွေးနွေးပြောကြား**

ထို့နောက် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ပြည်သူ့ စစ်မှုထမ်းဆင့်ခေါ်ရေး လုပ်ငန်း များ စနစ်တကျဖြစ်စေရေးနှင့် သတ်မှတ်ကာလ အပိုင်းအခြား အလိုက် မှန်ကန်တိကျစွာ ဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်း ပေးထားသည့် အလုပ်အဖွဲ့များမှ သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန် များနှင့်စပ်လျဉ်း၍ ဆွေးနွေး ပြောကြားသည်။

ယင်းနောက် ဥပဒေရေးရာ ဝန်ကြီးဌာန ညွှန်ကြားရေးမှူး ချုပ်က ပြည်သူ့စစ်မှုထမ်းဥပဒေ ဆိုင်ရာ စံပြုလုပ်ထုံးလုပ်နည်း (Standard Operating Proce-dure – SOP) ရေးဆွဲထားမှုနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ကာကွယ်ရေး ဝန်ကြီးဌာန စစ်ဥပဒေချုပ်ရုံးမှ စစ်ဥပဒေချုပ် က ပြည်သူ့စစ်မှုထမ်းနည်းဥပဒေ (တတိယမူကြမ်း) ရေးဆွဲရေးနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်း တင်ပြကြရာ အစည်းအဝေးသို့ တက်ရောက် လာကြသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြပြီး ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များ ကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက် ပေးသည်။

ဆက်လက်၍ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌက နိဂုံး ချုပ်အမှာစကား ပြောကြားရာတွင် ယခုအစည်းအဝေး၌ အတည်ပြု ဆုံးဖြတ်ခဲ့သည့် လုပ်ငန်းအချိန် ဇယားများအတိုင်း အချိန်မီ ဆောင်ရွက်နိုင်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ်စစ်မှုထမ်း ဆင့်ခေါ်ရေး အဖွဲ့များသို့ အမြန်ဆုံးပေးပို့သွား ရန်နှင့် ရေးဆွဲအတည်ပြုထားသည့် စံပြုလုပ်ထုံးလုပ်နည်း (Standard Operating Procedure – SOP) အတိုင်း လုပ်ငန်းများမြန်ဆန်စွာ ဆောင်ရွက်ကြရန်နှင့် ပြည်သူ့ စစ်မှုထမ်းဥပဒေ စံပြုလုပ်ထုံး လုပ်နည်း ဆိုင်ရာများနှင့် ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး အလေးထား ဆောင်ရွက်သွား ကြရန် ပြောကြားခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဇော်အေးမောင် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ ရေရရှိရေး ဆောင်ရွက်ထားမှုစစ်ဆေးပြီး ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံ

**တောင်ကြီး မတ် ၄**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်သည် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ မတ် ၂ ရက်က အေးသာယာ မြို့ရှိ ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ ရေရရှိရေးအတွက် ဆောင်ရွက်ထားမှုကို သွားရောက်စစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အေးသာယာမြို့ သစ်ပင်ထောင်ရေထွက်တွင် ရေစုကန် နှင့် နေရောင်ခြည်သုံး လျှပ်စစ်ဓာတ်အားစနစ်ရရှိနိုင်ရေး ဆောင်ရွက်နေမှု၊ ရေထွက်မှရေများ စင်တာသို့ ပေးပို့နိုင်ရေး ဆောင်ရွက်နေမှုနှင့် ရေရရှိသိုလှောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ပေးသည်။



ထို့နောက် ဒုတိယဝန်ကြီးသည် ဆိုင်ကယ် စက်ပြင်သင်တန်းနှင့် အခြေခံကွန်ပျူတာသင်တန်း တက်ရောက်နေကြသည့် သင်တန်းသား သင်တန်း သူများ၏ နေထိုင်စားသောက်မှုအခြေအနေများကို ကြည့်ရှုပြီး သင်တန်းသား သင်တန်းသူများအား လိုအပ်ချက်များကို မေးမြန်းကာ ရင်းရင်းနှီးနှီး နှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ဒုတိယဝန်ကြီးသည် ယနေ့တွင် တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး နိုင်ငံ့ဝန်ထမ်းများပီပီ သက်မွေးသင်တန်းစင်တာတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ ဖွင့်လှစ်နိုင်ရေး၊ သင်တန်းဆင်းပြီး မိမိနေထိုင်ရာဒေသ များတွင် သက်မွေးပညာဖြင့် ပြန်လည်အသုံးချနိုင် မှုအခြေအနေများကို ဆက်လက်သုတေသနပြုနိုင် ရေး၊ လူ၊ ပစ္စည်း၊ သတင်း လုံခြုံရေးကို အလေးထား ဆောင်ရွက်ရေး၊ သင်တန်းစင်တာ ရေရှည်တည်တံ့ နိုင်ရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

ထို့နောက် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီးနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ် စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့ က သင်တန်းစင်တာတွင် ဆောင်ရွက်ရမည့်အခြေ အနေများကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ကုန်းဘက်မှ ကုန်တင်ယာဉ်ကြီးများဖြင့် သင်္ဘောကြီးပေါ်သို့ ဆန်တင်ရန် ပြင်ဆင်နေစဉ်။



ဆိပ်ကမ်းလုပ်သားကြီးများ သင်္ဘောဝမ်းအတွင်း ဆန်အိတ်များ နေရာချနေစဉ်။



MITT ဆိပ်ကမ်းတံတားတွင် ပြည်ပတင်ပို့မည့်ပြောင်းဆန်များ သိုလှောင်ရုံအတွင်း စနစ်တကျ သိုလှောင်ထားရှိစဉ်။



MITT ဆိပ်ကမ်းတံတားတွင် ပြည်ပတင်ပို့မည့်ပြောင်းဆန်များ ရေဘက်မှ သင်္ဘောကြီးပေါ်သို့ Grab ဖြင့် တင်နေစဉ်။



Wilmar ဆိပ်ကမ်းတံတားရှိ တစ်နေ့တန် ၁၀၀၀ ကျ ဆန်စက်ဖြင့် ပြည်ပတင်ပို့မည့်ဆန်များ ကြိတ်ခွဲနေစဉ်။



Wilmar ဆိပ်ကမ်းတံတားတွင် ပြည်ပတင်ပို့မည့်ဆန်အိတ်များ သိုလှောင်ရုံအတွင်း စနစ်တကျ သိုလှောင်ထားရှိစဉ်။

**❍ ရွှေဖုံးမှ**

ပွင့်လင်းရာသီဖြစ်သော ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍ မြန်မာ့လယ်ယာထွက်ကုန် ကောက်ပဲသီးနှံများကို ပြည်ပသို့ တိုးမြှင့်တင်ပို့လာခဲ့ရာ ယခုနှစ် မတ်လ ၁ ရက်နေ့တွင် ရန်ကုန်ဆိပ်ကမ်းရှိ ဆိပ်ကမ်းတံတားများတွင် အပြည်ပြည်ဆိုင်ရာသင်္ဘောကြီးများ တံတားနေရာအပြည့်ဆိုက်ကပ်၍ ကုန်တင်ကုန်ချ ဆောင်ရွက်လျက်ရှိသဖြင့် ဆိပ်ကမ်းတံတားများအတွင်း ကုန်စည်ပို့ဆောင်ရေးကိုယ်စားလှယ်များ၊ ကုန်တင်ယာဉ်ကြီးများဖြင့် စည်ကားလျက်ရှိသည့်အပြင် နေ့/ည အဆိုင်းလိုက် တာဝန်ထမ်းဆောင်နေကြသည့် ဆိပ်ကမ်းဝန်ထမ်းများနှင့် လုပ်သားကြီးများဖြင့်လည်း လှုပ်ရှားစည်ကားလျက်ရှိကြောင်း သိရသည်။

ယခုနှစ် ဖေဖော်ဝါရီလအတွင်း ဆန်တန်ချိန် ၃၈၄၄၀၅ တန် တင်ပို့ခဲ့ကြောင်းနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလအထိ ၁၁ လအတွင်း စုစုပေါင်း ဆန်တန်ချိန် ၁၄၆၅၇၉၃ တန် တင်ပို့ခဲ့ပြီးကြောင်း သိရှိရသည်။ ဆန်တင်ပို့ရာတွင် ကုန်သေတ္တာဖြင့် တင်ပို့မှုများပြားခဲ့ကြောင်း၊ သို့ရာတွင် ကိုဗစ်ကာလ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း ကုန်သေတ္တာပြတ်လပ်ရှားပါးမှုကြောင့် အထွေထွေကုန်စည်တင်သင်္ဘောများကို ပိုမိုအသုံးပြု၍ ဝမ်းပုံစနစ်ဖြင့် တင်ပို့ခဲ့ကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် ကုန်သေတ္တာဖြင့် ဆန်တင်ပို့မှုသည် ဝမ်းပုံစနစ်ဖြင့် တင်ပို့မှု၏ နှစ်ဆခန့်ရှိကြောင်းနှင့် ဆန်ကို ဥရောပနှင့် အာဖရိကနိုင်ငံတို့အပြင် ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှားနှင့် အခြားအာရှနိုင်ငံအချို့တို့သို့လည်း တင်ပို့လျက်ရှိကြောင်း သိရှိရသည်။

ယခုနှစ် ဖေဖော်ဝါရီလအတွင်း ပဲအမျိုးမျိုး တန် ၁၅၆၉၅၀ တင်ပို့ခဲ့ကြောင်းနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလအထိ ၁၁ လအတွင်း စုစုပေါင်း ပဲတန်ချိန် ၁၂၉၂၇၆၆ တန် တင်ပို့ခဲ့ပြီးကြောင်း၊ ပြည်ပသို့ ပဲအမျိုးမျိုးတင်ပို့ရာတွင် ကုန်သေတ္တာများဖြင့်သာ အဓိကထား တင်ပို့လေ့ရှိကြောင်းနှင့် အိန္ဒိယနှင့် အခြားအာရှနိုင်ငံအချို့တို့သို့လည်း တင်ပို့လျက်ရှိကြောင်း သိရှိရသည်။

ပြောင်းရာသီဖြစ်၍ ယခုနှစ် ဖေဖော်ဝါရီလအတွင်း ပြောင်းတန်ချိန် ၃၆၅၄၇၂ တန် တင်ပို့ခဲ့ကြောင်းနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလအထိ ၁၁ လအတွင်း စုစုပေါင်းပြောင်းတန်ချိန် ၈၉၁၀၃၈ တန် တင်ပို့ခဲ့ပြီးသည့်အနက် ဖေဖော်ဝါရီလတွင် အများဆုံးတင်ပို့ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်ပသို့ ပြောင်းတင်ပို့ရာတွင် အထွေထွေကုန်စည်တင်သင်္ဘောများကိုအသုံးပြု၍ ဝမ်းပုံစနစ်ဖြင့်တင်ပို့မှု ၇၅ ရာခိုင်နှုန်း၊ ကုန်သေတ္တာဖြင့်တင်ပို့မှု ၂၅ ရာခိုင်နှုန်းရှိကြောင်းနှင့် ထိုင်းနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့သို့ အများဆုံးတင်ပို့လျက်ရှိကြောင်း၊ ထိုင်းနိုင်ငံ ရနောင်းဆိပ်ကမ်းနှင့် ကန်တန်ဆိပ်ကမ်းတို့သို့ ကုန်တန်ချိန် ၂၇၀၀-၃၀၀၀ ခန့်တင်ဆောင်နိုင်သော ပြည်တွင်းလုပ်ငန်းရှင်များပိုင်ဆိုင်သည့် သင်္ဘောငယ်များဖြင့်လည်း တင်ပို့လျက်ရှိကြောင်း သိရှိရသည်။

ပွင့်လင်းရာသီကာလအတွင်း ပြည်ပသို့ ဆန်နှင့် ကောက်ပဲသီးနှံများတင်ပို့ရာတွင် သင်္ဘောကြီးများ နှောင့်နှေးကြန့်ကြာခြင်းမရှိ ဝင်/ထွက်နိုင်ရေး၊ သတ်မှတ်အချိန်အတိုင်း သင်္ဘောတင်ပြီးစီးနိုင်ရေး၊ အလေအလွင့် အနည်းဆုံးဖြင့် အရည်အသွေးနှင့် အရေအတွက်ပြည့်မီစွာ တင်ပို့နိုင်ရေးတို့အတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ လိုအပ်သည့် ကြီးကြပ်စီမံခန့်ခွဲမှုများကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် မြန်မာနိုင်ငံ ဆန်စပါးအဖွဲ့ချုပ်နှင့် ဆန်၊ ပဲ၊ ပြောင်း ပို့ကုန်လုပ်ငန်းရှင်ကြီးများနှင့်လည်း အခါအားလျော်စွာတွေ့ဆုံ၍ ၎င်းတို့၏ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် ကုန်သေတ္တာလိုအပ်ချက် မရှိစေရေးအတွက် အကောက်ခွန်ဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ UMFCCI နှင့် MIFFA တို့မှ တာဝန်ရှိသူများ၊ ပို့ကုန်လုပ်ငန်းရှင်များ၊ ဆိပ်ကမ်းတံတားများ၊ သင်္ဘောလိုင်းများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံ၍လည်း ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဖျော်ဖြေပွဲညတစ်ညမှသည် ပွင့်သောပန်းတိုင်းလန်းရမည်

**သစ္စာ(mna)၊ ဓာတ်ပုံ- ဥသာ**




နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)သည် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ အုပ်ချုပ်မှုအောက်တွင်ရှိသည့် တက္ကသိုလ်တစ်ခုဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးသည့် အထင်ကရတက္ကသိုလ်တစ်ခုလည်းဖြစ်သည်။ ယခင်က ဖောင်ကြီးသင်တန်းဟု အများခေါ်ဆိုကြသော ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ဖြစ်သည်။ ၂၀၂၂ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ကို နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ဟု အမည်ပြောင်းလဲခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့မှ မြောက်ဘက် ၁၈ မိုင်၊ ရန်ကုန်မြို့မှ မိုင် ၅၀ ခန့်အကွာ ဖောင်ကြီးကျေးရွာအနီးတွင်တည်ရှိပြီး ၁၉၆၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ပြည်သူ့ဝန်ထမ်းကောင်းများ မွေးထုတ်ပေးရာကျောင်းဖြစ်၍ ဖွဲ့ရှိမှု၊ ခံနိုင်ရည်ရှိမှု၊ ကြံ့ခိုင်မှု၊ သည်းခံမှုနှင့် စည်းကမ်းသေဝပ်မှု စသည့်အရည်အချင်းများကို လေ့ကျင့်မွေးထုတ်ပေးရာ ကျောင်းတော်ကြီးဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် စီမံဘဏ္ဍာဌာနကြီးနှင့် သင်ကြားရေးဌာနဟူ၍ ဖွဲ့စည်းထားပြီး သင်ကြားရေးဌာနကြီးတွင် ပညာဌာနရှစ်ခုဖြစ်သော စီမံခန့်ခွဲမှုပညာဌာန၊ စီးပွားရေးပညာဌာန၊ နိုင်ငံရေးသိပ္ပံပညာဌာန၊ လူမှုရေးသိပ္ပံပညာဌာန၊ ဥပဒေပညာဌာန၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဌာန၊ အင်္ဂလိပ်ဘာသာပညာဌာနနှင့် ကာကွယ်ရေးပညာဌာနဟူ၍ လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

**သစ္စာ-သမာဓိ-ပညာ**

နွေဦးရာသီသို့ ဝင်ရောက်လာချိန်တွင် သင်တန်းကျောင်းဝင်းအတွင်း လမ်းမကြီးတစ်လျှောက် အပင်ထက်တွင် ဝေသည့်သစ်ရွက်တို့ဝေ၍ ကြွေသည့်သစ်ရွက်တို့ မြေသို့သက်ဆင်းလျက်ရှိရာ လွမ်းမောဖွယ်နွေ၏သရုပ်ကို ပေါ်လွင်စေလျက်ရှိသည်။ တစ်ချက်တစ်ချက် လေပူရှူတတတိုးဝှေ့သွားသောကြောင့် သင်တန်းကျောင်းလမ်းမကြီးပေါ်တွင် သစ်ရွက်ခြောက်အချို့ ပြေးလွှားလျက်ရှိသည်။ အဆောက်အအုံများ စီစီရီရီ တည်ဆောက်ထားပြီး နဝရတ်ခန်းမအနောက်ဘက် ကန်ရေပြင်မှဖြတ်သန်းတိုက်ခတ်လာသော လေနုနွေးနွေးတို့သည် နွေအပူကိုအခိုက်အတန့် ပြေလျော့စေလျက်ရှိသည်။ ကန်ရေပြင်ဘေးတွင်ရှိသည့် စိမ်းလဲ့ကန်သာစားရိပ်မြုံဆိုင်လေးမှာ အပင်ရိပ်တို့ကြောင့် အေးမြမှုကိုဝေမျှလျက်ရှိပြီး အားလပ်ချိန်တွင် လာရောက်အနားယူစားသုံးကြသည့် သင်တန်းသား သင်တန်းသူတို့အတွက် နွေရာသီ၏အိုအေစစ်လေးသဖွယ် အပန်းပြေစေမည်မှာ အမှန်ပင်ဖြစ်သည်။ စိမ်းလဲ့ကန်သာရှေ့လမ်းမကြီးတစ်ဖက်တွင် အမှတ်(၁) လေ့ကျင့်ရေးကွင်းရှိပြီး ဗိုလ်ရှုခံအလံတိုင်အုတ်ခုံကြီးမှာ အနီရောင်ဆေးများခြယ်သထားရာ




ပထမဆုရရှိသူ သင်တန်းသားတစ်ဦးအား ပါမောက္ခချုပ် ဦးဇော်ဇော် ဆုချီးမြှင့်စဉ်။

နိုင်ငံ့ဝန်ထမ်း သင်တန်းသား သင်တန်းသူတို့အား နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို လုံ့လအားထုတ် ဖြည့်ဆည်းကြလော့၊ ထိုသို့ဖြည့်ဆည်းရာတွင် ကိုယ်ကျိုးမဖက် နိုင်ငံနှင့် လူမျိုးအတွက် စွမ်းစွမ်းတမံဆောင်ရွက်ကြလော့ဟု အသိပေးနေသည့် သင်္ကေတစ်ခုပမာ တွေ့မြင်ရလျက်ရှိသည်။ အမှတ်(၁)လေ့ကျင့်ရေးကွင်းအလယ်အစပ်တွင် "နိုင်ငံတည်ထောင်မှု ပြည်သူနှင့် ဝန်ထမ်းလက်တွဲပြု" ဟူသောစာသားကို အပြာရောင်အောက်ခံပြုလျက် ဆိုင်းဘုတ်စိုက်ထူထားပြီး ထိုဆိုင်းဘုတ်၏တစ်ဖက်တွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ဟူသော သင်တန်းကျောင်းဆိုင်းဘုတ်စာသားအား ပဒုမ္မာကြာပွင့်ပေါ်တွင် ဝင့်ဝင့်ကြွားကြွား ကမ္ပည်းရေထိုးထားရှိသည်။ အပြာရောင်ဆိုင်းဘုတ်နှင့် ပဒုမ္မာကြာပွင့်ဆိုင်းဘုတ်တို့အကြား အနောက်ဘက်တွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၏ သစ္စာ-သမာဓိ-ပညာတို့ကို လေ့ကျင့်သင်ကြားမှုမှ သက်ဆိုင်ရာဘွဲ့တံဆိပ်များ အပ်နှင်းပေးရာ ရတနာသဃ်ခန်းမကြီးကို ဝင့်ကြွားဂုဏ်ယူစွာ တွေ့မြင်ရလျက်ရှိသည်။

**သင်တန်းသား သင်တန်းသူ ၇၀၀ ကျော်**

အမှတ်(၁) လေ့ကျင့်ရေးကွင်းတစ်ဖက်နှင့် ရတနာသဃ်ခန်းမကြီးအနီးမှ သင်တန်းသား သင်တန်းသူတို့၏ တန်းစီ၊ ညာညှိအသံကို ညနေစောင်းနေရောင်ခြည်အောက်တွင် ကြားရလျက်ရှိသည်။ အရာထမ်းအခြေခံသင်တန်းသူများထားရှိရာ ခတ္တာဆောင်နှင့် သင်တန်းသားများထားရှိရာ ခွာညိုဆောင်မှ သင်တန်းသားတို့၏ အပြိုင်အဆိုင်သံပြိုင်ယှဉ်ပြိုင်နေဟန်ရှိသည်။ နွေအပူလှိုင်းအချို့သည် အဆောင်များဘက်မှ ခန်းမကြီးဆီသို့ ရုတ်တရက် တိုးဝှေ့ပြေးလွှားသွားလျက်ရှိသည်။ ၂၀၂၄ ခုနှစ်တွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ အမှတ်စဉ်(၂၁၉) အရာထမ်းအခြေခံသင်တန်းခြောက်လ၊ စာရေးဝန်ထမ်းကြီးကြပ်သင်တန်း(ရုံးအုပ်)နှင့် စာရေးဝန်ထမ်းသင်တန်းတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။ သင်တန်းသား သင်တန်းသူ ၇၀၀ ကျော်ကို လေ့ကျင့်သင်ကြားပေးနေခြင်း ဖြစ်သည်။ ရတနာသဃ်ခန်းမရှေ့ကို သင်တန်းသား သင်တန်းသူများ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ရောက်လာလျက်ရှိပြီး မန္တလာဆောင်ဘက်မှ သင်တန်းသားတို့၏ အားမာန်အပြည့်ဖြင့် တန်းစီ၊ အမြန်လျှောက်၊ ဘယ်ညာ၊ ဘယ်ညာအသံနှင့်အတူ သဇင်ဆောင်ဘက်မှ သင်တန်းသူတို့၏ ခန်းမသို့ချီတက်ရန် လူစစ်နေသောအသံတို့မှာ ညနေဆည်းဆာအောက်တွင် သက်ဝင်လှုပ်ရှားလျက်ရှိသည်။ သင်တန်းတက်ရောက်နေစဉ် ကာလအတွင်း စိတ်အပန်းဖြေရာ တက်ကြွလန်းဆန်းမှုကို အပြည့်အဝပေးစွမ်းစေမည့် ဂီတဖျော်ဖြေပွဲသို့ ကြည့်ရှုအားပေးလိုသော စိတ်ဆန္ဒဖြင့် သင်တန်းသား သင်တန်းသူတို့၏ မျက်ဝန်းကိုယ်စီတွင် ပြုံးပန်းများ ဝေသီကြလျက်ရှိသည်။ ထိုရတနာသဃ်ခန်းမကြီး ရှေ့တွင် သင်တန်းသား သင်တန်းသူများ တဖွဲဖွဲရောက်ရှိလျက်ရှိပြီး မတ်လ ၂ ရက်နေ့ ညနေပိုင်းတွင် သင်တန်းသား သင်တန်းသူများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မြဝတီရုပ်မြင်သံကြားမှ တေးသံရှင်များနှင့် ရန်ကုန်ယဉ်ကျေးမှုတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက လာရောက် ဖျော်ဖြေခြင်းဖြစ်ရာ သင်တန်းကျောင်းဝင်းကြီးအတွင်း လှုပ်လှုပ်ရှားရှားဖြင့် သွားလာလျက်ရှိသည်။ နိုင်ငံတော်၏စီမံဆောင်ရွက်မှုဖြင့် နိုင်ငံ့ဝန်ထမ်းများ သင်တန်းတက်ရောက်နေစဉ်အတွင်း စိတ်လက်ပေါ့ပါးပျော်ရွှင်စွာဖြင့် ဂီတဖျော်ဖြေပွဲတွင် ပါဝင်ဆင်နွှဲနိုင်ရန်၊ ဝန်ထမ်းများနှင့် မိသားစုဝင်များလည်း ကြည့်ရှုခံစားနိုင်စေရန် ကျင်းပပေးခြင်း ဖြစ်သည်။ ရတနာသဃ်ခန်းမရှေ့ ရေပန်းအနီးတွင် သင်တန်းသား သင်တန်းသူများ အမှတ်တရ ဓာတ်ပုံရိုက်ကူးသူ၊ ရယ်မောပျော်ရွှင်နေသူ၊ တစ်ဦးနှင့်တစ်ဦး နောက်ပြောင်ကျီစယ်သူနှင့် စကားပြောသူတို့ဖြင့် စည်ကားလျက်ရှိသည်။ ညနေ ၅ နာရီခွဲတွင် ခန်းမအတွင်း၌ ဖျော်ဖြေပွဲကြည့်ရှုမည့်ပရိသတ်များဖြင့် ပြည့်လာပြီဖြစ်သည်။ ခန်းမအတွင်း စင်မြင့်ပေါ်တွင် မြန်မာ့အသံတေးဂီတအဖွဲ့က ပဏ္ဏာမတီးလုံးများဖြင့် ဧည့်ခံလျက်ရှိသည်။ ဝန်ထမ်းမိသားစုဝင်များလည်း တဖွဲဖွဲဝင်ရောက်လာကြသည်။ နိုင်ငံ့ဝန်ထမ်းများသည်လည်း စည်းကမ်းသေဝပ်စွာ နေရာယူကြလျက်ရှိပြီး ကြီးကြပ်သူ ဝန်ထမ်းများကလည်း လိုအပ်သည်များကို လိုက်လံညွှန်ကြားလျက်ရှိသည်။ ခန်းမအတွင်းသို့ မြန်မာ့အသံနှင့်မြဝတီမှတေးသံရှင်များ၊ ရန်ကုန်ယဉ်ကျေးမှုတက္ကသိုလ်မှ အကအဖွဲ့နှင့် ရုပ်သေးပညာရှင်များ ဝင်ရောက်လာကြရာ သင်တန်းသား သင်တန်းသူများက လက်ခုပ်သြဘာပေး၍ ဂုဏ်ပြုကြိုဆိုကြသည်။ လာရောက်ဖျော်ဖြေသူတို့၏ မျက်ဝန်းကိုယ်စီတွင်လည်း ဝမ်းသာကြည်နူးမှုပုံရိပ်တို့ ဖုံးလွှမ်းလျက်ရှိသည်။

နွေဆည်းဆာပျောက်၍ အပူလှိုင်းတို့ လျော့ပါးချိန် ညအမှောင်ရိပ်သန်းစ လေနုအေးတို့ ဝင်ရောက်လာချိန်တွင် ခန်းမအတွင်း၌ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတေးဂီတအဖွဲ့၏မြူးဇစ်အသံမှာ မြိုင်ဆိုင်လျက်ရှိရာ ကြည့်ရှုလိုစိတ်နှင့် မျှော်လင့်နေကြသော သင်တန်းသား သင်တန်းသူတို့၏ မျက်ဝန်းတို့သည် စင်မြင့်ထက်သို့ စုပြုံလျက်ရှိသည်။ မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံး(ဗဟို)မှ ဦးငြိမ်းချမ်းနှင့် ဦးအုန်းသီးတို့ စင်မြင့်ပေါ်တက်လာသောအခါ ပရိသတ်မှာ အပြုံးကိုယ်စီဖြင့် ရယ်သံအချို့ လွင့်ပျံ့သွားသည်။ အစီအစဉ်တင်ဆက်မှုအပြင် ဟာသအတိုအထွာဖြင့် ယနေ့ညတွင် ကြည့်ရှုသူတို့၏ ဟာဒယနှလုံးကို ရွှင်ပြုံးစေခဲ့သည့် အတွဲညီလည်းဖြစ်သည်။ ပထမဆုံး ရန်ကုန်ယဉ်ကျေးမှုတက္ကသိုလ်အကအဖွဲ့က ပွဲဦးကဟန်ရွှေပန်းပန် အကဖြင့် စတင်ကပြကြ၍ အကပဒေသာ၊ ရုပ်သေး၊ အင်းဝခေတ်ယိမ်းအက၊ နှစ်ပါးသွားနှင့် ယိမ်းအကတို့ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ကပြဖျော်ဖြေသွားရာ ပရိသတ်အပေါင်း နှစ်ထောင်းအားရလျက် ဝန်ထမ်းမိသားစုဝင်တို့၏ ကလေးငယ်များ လိုက်လံကကြသည်အထိ နှစ်ခြိုက်အားပေးခဲ့ကြသည်။

**ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်**

အထူးအားပေးကြသောပွဲသည် သင်တန်းသား သင်တန်းသူများကိုယ်တိုင် ကာရာအိုကေသီချင်းဖြင့် သီဆိုယှဉ်ပြိုင်သော ဖျော်ဖြေပွဲဖြစ်သည်။ အဆိုတော်များ မဟုတ်ဘဲ နိုင်ငံ့ဝန်ထမ်းများဖြစ်၍ ဝါသနာအလျောက် သီဆိုကြခြင်းဖြစ်ရာ အချို့မှာ လူပျိုကြီး၊ အပျိုကြီးများဖြစ်၍ သီချင်းသီဆိုမှုဖြင့် နှလုံးသားခံစားမှု၊ အိမ်အလွမ်းပြေနှင့် မြူးကြွသောစိတ်ခံစားမှုတို့ဖြင့် သီဆိုမှုတွင် စာရေးဝန်ထမ်းသင်တန်းမှ သင်တန်းသားတစ်ဦးက ပထမဆု၊ တတိယဆုနှင့် အရာထမ်းအခြေခံသင်တန်းမှ ဒုတိယဆုတို့ရရှိကြသည်။ အကယ်ဒမီဆုရရှိသည့်ပမာ ဆလိုက်မီးထိုး၍ စင်မြင့်ထက်သို့ ဖိတ်ခေါ်ခံရပြီး ဆုရရှိသူများကိုလည်း ဘဝတူသင်တန်းသား သင်တန်းသူများက ဝိုင်းဝန်းပွေ့ဖက် ဂုဏ်ပြုကြရာ တွေ့မြင်ရသူတို့၏ရင်တွင်းသို့ ဝမ်းသာကြည်နူးမှုများ ကူးစက်ခံစားကြရလျက်ရှိသည်။ ဝန်ထမ်းပျော်လျှင် ပြည်သူပျော်၍ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဖြစ်ရာ ယခုလို ပျော်ရွှင်ခံစားမှုတို့သည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတွင် ကြိုးပမ်းဆောင်ရွက်ရာ၌ ခွန်အားသစ်တို့ကို မွေးဖွားပေးလျက်ရှိသည်မှာ အမှန်ပင်ဖြစ်သည်။

အကပဒေသာပြီးသောအခါ မြဝတီရုပ်မြင်သံကြားမှ တေးသံရှင်များက မြူးကြွသော တေးသီချင်းများနှင့်အတူ အတာသင်္ကြန်အငွေ့အသက်တို့ ယှက်သန်းစေသည့် **စာမျက်နှာ ၇ သို့** ⁘

✣ စာမျက်နှာ ၆ မှ

တေးသီချင်းများဖြင့် ဖျော်ဖြေသွားကြရာ သင်တန်းသား သင်တန်းသူတို့ တစ်ခဲနက်အားပေးကြသည်။ ညအမှောင်သည် နုရာမှရင့်လာသော်လည်း ခန်းမအတွင်းမှာ အပြင်လောကနှင့် အဆက်အသွယ်ပြတ်လျက် အားလုံးပျော်ရွှင်ကြည်နူးလျက်ရှိသည်။ ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တေးသံရှင်များ သီဆိုကြသောအခါ ပရိသတ်မှာ လက်များဝှေ့ယမ်းလျက် လိုက်ပါသီဆိုရင်း အားပါးတရအားပေးခဲ့ကြသည်။ အထူးသဖြင့် သီဆိုသွားကြသည့် တေးသီချင်းများတွင် ကော်ဖီခါးခါး၊ ကိုကိုချစ်နှင့် ညမွှေးပန်းသီချင်းတို့သည် သင်တန်းသား သင်တန်းသူတို့၏ နှုတ်ဖျားဝယ် စွဲမက်ကျန်ရစ်စေခဲ့သည်။ သီဆိုကြသည့် တေးသံရှင်များကို ဝန်ထမ်းများနှင့် သင်တန်းသား သင်တန်းသူများက ပန်းကုံးများနှင့် ဆုငွေများ အပြိုင်အဆိုင်ချီးမြှင့်ကြသည်။ ထိုညသည် ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ သင်တန်းသား သင်တန်းသူများ စိတ်နှလုံး ရွှင်ပြုံးချမ်းမြေ့စေလျက် စိတ်ခွန်အားများစွာ တိုးပွားစေသည့် ပျော်ရွှင်ဖွယ် ဖျော်ဖြေပွဲညတစ်ညအဖြစ် ကျန်ရစ်ခဲ့သည်။ ည ၁၀ နာရီကျော်ပြီဖြစ်၍ တပို့တွဲလပြည့်ကျော် ၇ ရက် လခြမ်းလေးမှာ ကောင်းကင်ယံတွင် ပေါ်ထွန်းလျက်ရှိသည်။ သစ်ရိပ်ဝါးရိပ်တို့ကြောင့် ခန်းမအပြင်ဘက်တွင် အအေးဓာတ် အနည်းငယ်လွှမ်းခြုံလျက်ရှိသည်။ ဖျော်ဖြေပွဲပြီးဆုံးသွားပြီဖြစ်၍ သင်တန်းသား သင်တန်းသူတို့၏ တပ်ခွဲအလိုက် လူစစ်၊ တန်းစီသံတို့မှာ ညဦးယံအချိန်တွင် လွင့်ပျံ့လျက်ရှိပြီး သတ်မှတ်အဆောင်များသို့ ထွက်ခွာသွားသောအခါ တေးဂီတဖျော်ဖြေပွဲအပေါ် ကျေနပ်အားရမှုသည် ဝါးတောအတွင်းသို့ တိုက်ခတ်သည့် လေပွေများပမာ သံစုံပေါ်ထွန်းလျက် ၎င်းတို့ချီတက်ရာ တပ်ခွဲနှင့်အတူ လိုက်ပါသွားကြသည်။ ခန်းမအပြင်ဘက် ဖျော်ဖြေပွဲတွင် ဧည့်ခံသည့် လက်ဖက်ရည်၊ မုန့်များတင်ဆောင်ရာ ခုံတန်းများနှင့် ထိုင်ခုံများကို သိမ်းဆည်းကြလျက်ရှိသည်။ အားပါးတရဖျော်ဖြေသီဆိုကပြခဲ့ကြသည့် အဖွဲ့များကလည်း ကားပေါ်တွင် တေးဂီတဖျော်ဖြေပွဲအပေါ် ကျေနပ်အားရမှုစကားသံတို့မှာ ကားအတွင်း လွင့်ပျံ့ပြေးလွှားလျက်ရှိသည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် အနာဂတ်ကာလသို့လှမ်းချီရာ၌ နိုင်ငံ့ဝန်ထမ်းနှင့်ပြည်သူတို့ လက်တွဲညီညီ ဟန်ချက်ညီမှုအပေါ်တွင် မူတည်လျက်ရှိသည်။ ပြည်သူသည် ပြည်သူ့တာဝန်ကျေပွန်မှုနှင့်အတူ ဝန်ထမ်းသည်လည်း နိုင်ငံတော်အပေါ်တွင် သစ္စာစောင့်သိခြင်းဖြင့် သစ္စာအဓိဋ္ဌာန် (၆) ချက်ကို အလေးအနက်ထား ခံယူလိုက်နာရမည်ဖြစ်သည်။ လူသားတစ်ဦး၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာများ တက်ကြွလန်းဆန်းမှုသည် အပန်းဖြေမှုနှင့် သက်ဝင်လျက်ရှိပြီး အကျိုးဆက်အဖြစ် အတွေးသစ်၊ အမြင်သစ်၊ တွေးခေါ်ကြံဆမှုပိုင်းဆိုင်ရာနှင့် ထိုးထွင်းသိမြင်မှုစွမ်းအင်ကိုလည်း အထောက်အပံ့ဖြစ်စေလျက်ရှိသည်။ အနုပညာရပ်သည် တွေဝေနေမှုကို လွင့်ပြယ်စေပြီး မွန်းကျပ်မှုကို ကင်းစင်စေသည်။ သင်တန်းတက်ရောက်နေကြသော နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဂီတဖျော်ဖြေပွဲတွင် အားပါးတရပျော်ရွှင်ခဲ့ကြပြီး ထိုသို့ကြည့်ရှုခံစားခွင့်ရလိမ့်မည်ဟုလည်း ထင်မှတ်မထားကြချေ။ ဘာသာရပ်များကြားတွင် နစ်ဝင်လျက်ရှိစဉ် အခုလိုနိုင်ငံတော်မှ ဖျော်ဖြေရေးအစီအစဉ်များ ဆောင်ရွက်ပေးမှုအပေါ် ဝမ်းမြောက်ဝမ်းသာ အားရကျေနပ်ကြလျက်ရှိသည်။ ဝမ်းသာကြည်နူးမှုပုံရိပ်တို့ကို နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်မှ ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် သင်တန်းသား သင်တန်းသူများက ဤသို့ ရင်တွင်းပီတိစကားသံများဖြင့် မျှဝေခဲ့ကြသည်။

**စိတ်ပိုင်းဆိုင်ရာနဲ့ ရုပ်ပိုင်းဆိုင်ရာ လန်းဆန်းမှု**

သင်တန်းသူ တစ်ဦးဖြစ်သော ရန်ကုန်တက္ကသိုလ်မှ လက်ထောက်ကထိက ဒေါက်တာနှင်းလွှာနုက “ကျွန်မတို့ သင်တန်းသူ သင်တန်းသားတွေအတွက် အခုလိုတေးဂီတဖျော်ဖြေပွဲနဲ့ တိုက်ဆိုင်မှုဟာ အမှတ်တရတွေ ရရှိစေပါတယ်။ အမှတ်စဉ်(၂၁၉) အရာထမ်းအခြေခံသင်တန်းဟာ ခြောက်လသင်တန်းဖြစ်ပါတယ်။ အွန်လိုင်းကနေ ငါးလတက်ရပြီးတော့ In-house ကို ဒီမှာ တစ်လတက်ရောက်ချိန်၊ သင်ခန်းစာတွေနဲ့ လုံးပန်းနေရချိန်မှာ စိတ်ပျော်ရွှင်မှုဖြစ်စေတဲ့ ဂီတဖျော်ဖြေပွဲနဲ့ကြုံကြိုက်မှုမှာ အားလုံးစိတ်ပျော်ရွှင်မှု ခံစားရပြီး အမှတ်တရလည်း ဖြစ်ရပါတယ်။ တစ်ပတ်လောက်အလိုမှာ အဆောင်မှူးက ဖျော်ဖြေပွဲကို ကြိုတင်ပြောပြထားတာကြောင့် အားလုံးကြည့်ရှုဖို့ အားခဲထားကြတာပါ။ အမှတ်တရပွဲလည်းဖြစ်တဲ့အတွက် ကာရာအိုကေပြိုင်ပွဲမှာ အဆောင်က ညီမငယ်တစ်ဦးလည်း ဝင်ရောက် ယှဉ်ပြိုင်မယ်ဆိုတော့ အားပေးကြမယ်ဆိုပြီး ဒီဖျော်ဖြေပွဲလေးကို အားခဲထားတာလည်း ပါပါတယ်။ အားပါးတရ အားပေးခဲ့ရတဲ့အတွက် စိတ်ပိုင်းဆိုင်ရာနဲ့ ရုပ်ပိုင်းဆိုင်ရာ လန်းဆန်းမှုကို ခံစားရတာကြောင့် ဝမ်းသာပီတိဖြစ်ရပါတယ်။

နိုင်ငံ့ဝန်ထမ်းတွေအတွက် ဒီလိုမျိုး စိတ်ခွန်အားဖြစ်စေတဲ့ ဖျော်ဖြေပွဲမျိုး ရောက်လာလိမ့်မယ်လို့ ဘယ်သူမှ မျှော်လင့်မထားကြပါဘူး။ ဖျော်ဖြေပွဲက အားရကျေနပ်မှုရှိပါတယ်။ စင်မြင့်ထက်မှာ သင်တန်းသား သင်တန်းသူတွေ ကိုယ်တိုင် သီချင်းသီဆိုယှဉ်ပြိုင်ခွင့်ရတာဟာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်မှာ သူတို့ဘဝအတွက် အမှတ်တရဖြစ်သလို ကျွန်မတို့အတွက်လည်း မှတ်မှတ်ရရဖြစ်စေပါတယ်။ အခုလိုစီမံဆောင်ရွက်ပေးမှုအပေါ် နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူအားလုံးကို ကျေးဇူးလည်းတင်ပါတယ်”ဟု ဝမ်းမြောက်ပီတိစကားဖြင့် ပြောကြားပါသည်။



လက်ထောက်ကထိက ဒေါက်တာနှင်းလွှာနု



သင်တန်းသူ အိသဇ္ဇာအောင်



သင်တန်းသား ဦးမြင့်သူ



သင်တန်းသား ဦးတင်မင်းလတ်



ဌာနစုမှူး ဦးနေမျိုးလှိုင်



မော်ကွန်းထိန်း ဒေါ်ခင်ချိုဦး

**“နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် အနာဂတ်ကာလသို့လှမ်းချီရာ၌ နိုင်ငံ့ဝန်ထမ်းနှင့်ပြည်သူတို့ လက်တွဲညီညီ ဟန်ချက်ညီမှုအပေါ်တွင် မူတည်လျက်ရှိသည်။ ပြည်သူသည် ပြည်သူ့တာဝန်ကျေပွန်မှုနှင့်အတူ ဝန်ထမ်းသည်လည်း နိုင်ငံတော်အပေါ်တွင် သစ္စာစောင့်သိခြင်းဖြင့် သစ္စာအဓိဋ္ဌာန် (၆) ချက်ကို အလေးအနက်ထား ခံယူလိုက်နာရမည်ဖြစ်သည်။ လူသားတစ်ဦး၏ စိတ်ပိုင်းဆိုင်ရာနှင့်ရုပ်ပိုင်းဆိုင်ရာများ တက်ကြွလန်းဆန်းမှုသည် အပန်းဖြေမှုနှင့်သက်ဝင်လျက်ရှိပြီး အကျိုးဆက်အဖြစ် အတွေးသစ်၊ အမြင်သစ်၊ တွေးခေါ်ကြံဆမှုပိုင်းဆိုင်ရာနှင့် ထိုးထွင်းသိမြင်မှုစွမ်းအင်ကိုလည်း အထောက်အပံ့ဖြစ်”**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ သင်တန်းသူဖြစ်သူ မအိသဇ္ဇာအောင်ကလည်း “ အခုလို သင်တန်းမျိုးက အရမ်းပင်ပန်းပါတယ်။ အချိန်တွေကို တိတိကျကျသုံးပြီး စီမံခန့်ခွဲရတယ်။ လုံ့လ၊ ဝီရိယနဲ့ ခွန်အားကိုစိုက်ထုတ်ရတယ်။ စာသင်လိုက်၊ လေ့ကျင့်မှုတွေလုပ်လိုက်ဆိုတော့ စိတ်ပင်ပန်းမှုတော့ရှိတယ်။ အဲဒီအချိန်မှာ ဒီလိုမျိုး ဂီတပွဲ ဖျော်ဖြေပေးမှုဟာ စိတ်နဲ့ကိုယ်ကို အပန်းပြေစေပါတယ်။ ပျော်တယ်လို့ ပြောရမှာပါ။ အကတွေ၊ အဆိုတွေ၊ ဖျော်ဖြေပွဲတွေနဲ့ဆိုတော့ အားလုံးက ကြည့်ရှုဖို့ အားခဲထားကြတာကြောင့် ဖျော်ဖြေပွဲမှာ အားလုံးစိတ်လက်ပေါ့ပါးမှုကို ခံစားရပါတယ်။ စာတွေလုပ်နေတဲ့ကြားက ဖျော်ဖြေပွဲမှာ သီချင်းပြိုင်ပွဲလည်း ပါတယ်ဆိုတော့ သူငယ်ချင်းတွေစုပြီး သီချင်းကျင့်ရတာဟာလည်း ဒီသင်တန်းရဲ့ အမှတ်တရပုံရိပ်တစ်ခုပါပဲ။ သင်တန်းဆိုတာ စည်းလုံးညီညွတ်မှုနဲ့ ပင်ကိုစွမ်းရည်ကို မြေတောင်မြှောက်ပေးတဲ့ကျောင်းကြီးဆိုရင်လည်း မမှားပါဘူး။ အခုလိုကျင်းပပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲတွေကိုလည်း ကျေးဇူးတင်ပါတယ်။ နောက်ထပ်သင်တန်းတွေမှာလည်း ဒီလိုမျိုးကျင်းပပေးနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်”ဟု ရွှင်လန်းတက်ကြွစွာ ပြောကြားခဲ့ပါသည်။

မီးသတ်ဦးစီးဌာနမှ သင်တန်းသားဖြစ်သူ ဦးမြင့်သူကလည်း “ဒီနေ့ ဖျော်ဖြေပွဲမှာ မြန်မာ့အသံ၊ မြဝတီရုပ်မြင်သံကြားနဲ့ ရန်ကုန်ယဉ်ကျေးမှုတက္ကသိုလ်က လာရောက်မယ်လို့ သိထားရတဲ့အတွက် ဝမ်းသာနေကြတာပါ။ သင်တန်းကာလမှ ဖျော်ဖြေပွဲဆိုတာ ရှားပါတယ်။ အခုလိုကြုံကြိုက်တာဟာ ကံထူးလို့ပဲလို့ ဆိုရမှာပါ။ အခုလိုဖျော်ဖြေပွဲကိုကြည့်ရှုရတာဟာ သင်တန်းမှာပင်ပန်းသမျှကို ပြေပျောက်စေပြီး စိတ်ဖိစီးမှုကို လျော့ပါးစေတာအမှန်ပါ။ ပထမဆုံးသင်တန်းမှာ ပထမဆုံးကြုံရတဲ့အတွက် အံ့ဩဝမ်းသာလည်းဖြစ်ရပါတယ်။ နောက်သင်တန်းများလည်း အခုလိုကျင်းပပေးမယ်ဆိုရင် သင်တန်းသားတွေအတွက် အကျိုးရှိစေမှာပါ။ ဖျော်ဖြေပွဲကြည့်ရတဲ့အတွက် သင်တန်းသား သင်တန်းသူတွေ စိတ်ပိုင်းဆိုင်ရာပေါ့ပါးမှုကို ဖြစ်ပေါ်စေပြီး ကာရာအိုကေပြိုင်ပွဲကိုလည်း ထည့်သွင်းပေးတာကြောင့် ပါမောက္ခချုပ်ကြီးနဲ့ပါမောက္ခများ၊ ဆရာ ဆရာမတွေကိုလည်း ကျေးဇူးတင်ပါတယ်။ တေးသံရှင်ညီအစ်ကိုမောင်နှမတွေနဲ့ တွေ့ဆုံခွင့်ရအောင်၊ စိတ်အပန်းပြေမှုရရှိအောင် စီမံဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အကြီးအကဲကိုလည်း သင်တန်းသားတွေ ကိုယ်စား အထူးပဲကျေးဇူးတင်ပါတယ်လို့ ပြောကြားလိုပါတယ်”ဟု ရွှင်လန်းတက်ကြွစွာ ပြောကြားခဲ့ပါသည်။

**နိုင်ငံတစ်နိုင်ငံမှာ ဝန်ထမ်းတွေရဲ့ စွမ်းအားဟာအရေးကြီး**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သင်တန်းသား ဦးတင်မင်းလတ်ကလည်း “ဒီနေ့ ပျော်ရပါတယ်။ အားလုံးအိမ်လွမ်းနေကြတဲ့သူတွေကြီးပါပဲ။ နိုင်ငံတစ်နိုင်ငံမှာ ဝန်ထမ်းတွေရဲ့စွမ်းအားဟာအရေးကြီးသလို စွမ်းရည်မြင့်မားအောင် လေ့ကျင့်သင်ကြားပေးတဲ့ သင်တန်းကျောင်းဟာလည်း အရေးပါပါတယ်။ သင်တန်းသားတွေရဲ့ အရည်အသွေးဟာ သင်တန်းကျောင်းတွေအပေါ်မှာလည်း မှီတည်နေပါတယ်။ ကြိုးစားအားထုတ်မှုဟာလည်း သင်တန်းသားတွေအပေါ် မူတည်နေတာကြောင့် ခေတ်မီဖွံ့ဖြိုးတဲ့နိုင်ငံတော်ဆိုတာ နိုင်ငံ့ဝန်ထမ်းတွေရဲ့စုပေါင်းအားနဲ့ ဟန်ချက်ညီဖို့လိုတာပါ။ ဒါကြောင့် ဝန်ထမ်းတွေ လန်းဆန်းတက်ကြွပြီး အရည်အသွေးပြည့်ဝဖို့လိုပါတယ်။ သင်တန်းတက်ရောက်စဉ်မှာ စိတ်လက်ပေါ့ပါးပြီး လန်းဆန်းတက်ကြွအောင်၊ စိတ်ပိုင်းဆိုင်ရာ ထက်မြက်အောင် တေးဂီတဖျော်ဖြေပွဲဆောင်ရွက်ပေးတာကို ကြိုဆိုပါတယ်။ ဂီတဟာ ပင်ပန်းနွမ်းနယ်မှုကို ကင်းပျောက်စေလို့ပါ။ အခုလို တေးဂီတဖျော်ဖြေပွဲကို ကျင်းပပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲနဲ့ ပါမောက္ခချုပ်ကို အထူးပဲကျေးဇူးတင်ပါတယ်”ဟု ရင်တွင်းပီတိစကားသံတို့ကို မျှဝေခဲ့ပါသည်။

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်မှ ဝန်ထမ်းဖြစ်သူ ဌာနစုမှူး ဦးနေမျိုးလှိုင်ကလည်း “ ကျွန်တော်က သန္ဓေဝန်ထမ်းတစ်ဦးပါ။ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်ကို အနယ်နယ်အရပ်ရပ်က ဝန်ထမ်းတွေ လာရောက်တက်ရောက်ကြတာ ဖြစ်တဲ့အတွက် တက္ကသိုလ်ဟာ ဝန်ထမ်းပေါင်းစုံရှိတဲ့ နေရာလည်းဖြစ်ပါတယ်။ ပြည်ထောင်စုရာထူးဝန်အဖွဲ့နဲ့ ပြန်ကြားရေးဝန်ကြီးဌာနတို့ပူးပေါင်းပြီး လာရောက်ဖျော်ဖြေတဲ့အတွက် သင်တန်းသား သင်တန်းသူတွေဟာ စိတ်ခွန်အားဖြစ်စေသလို သန္ဓေ ဝန်ထမ်းမိသားစုတွေအတွက်လည်း အပန်းပြေမှုရရှိစေပြီး နိုင်ငံ့ဝန်ထမ်းတွေအတွက်လည်း အားရှိစေတဲ့ ပွဲတစ်ခုလည်းဖြစ်စေပါတယ်။

စာမျက်နှာ ၈ သို့ ✣

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Dr. Md. Monwar Hossain အား လက်ခံတွေ့ဆုံ



**နေပြည်တော် မတ် ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Dr. Md. Monwar Hossain အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပေါင်းစည်းဆက်သွယ်မှုအပါအဝင် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို စတင် အကောင်အထည်ဖော်နိုင်ရေးနှင့်ဒေသတွင်းနှင့်နိုင်ငံတကာရေးရာ အကျိုးတူကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

# ဆေးစမ်းတိရစ္ဆာန်အဆောက်အအုံများ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၄**

မဲခေါင် - လန်ချန်းနိုင်ငံတို့အကြား နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ဆေး ထုတ်လုပ်ခြင်းဆိုင်ရာ နည်းပညာပူးပေါင်းဆောင်ရွက်ရေး စီမံကိန်း(၂၀၂၁) အရ တိရစ္ဆာန် ရောဂါကာကွယ်ဆေး ထုတ်လုပ်ခြင်းနှင့်ထုတ်လုပ်ပြီး ကာကွယ်ဆေးများ၏ အရည်အသွေးနှင့် အာနိသင်အား စမ်းသပ်စစ်ဆေးနိုင်ရေးအတွက် တည်ဆောက်ခဲ့သည့် ဆေးစမ်းတိရစ္ဆာန်အဆောက်အအုံများဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ တိရစ္ဆာန်ရောဂါကာကွယ်ဆေးထုတ်လုပ်ရေး ဓာတ်ခွဲခန်း အဆောက်အအုံရှေ့၌ ကျင်းပသည်။




အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတာဝန်ရှိသူများ၊ တိရစ္ဆာန်ရောဂါကာကွယ်ဆေးထုတ်လုပ်ရေး ဓာတ်ခွဲခန်းပညာရှင်များ၊ တိရစ္ဆာန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်း ပညာရှင်များ၊ တိရစ္ဆာန်အစာနှင့် ဆေးဝါးအရည်အသွေး စစ်ဆေးရေး ဓာတ်ခွဲခန်း ပညာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက မွေးမြူထုတ်လုပ်မှုလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးလာခြင်းဖြင့် ပြည်တွင်း အသားစားသုံးမှု လိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရန်နှင့် ပို့ကုန်ကဏ္ဍမြှင့်တင်ရန်အပြင် မွေးမြူသူများနှင့် ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရန် မွေးမြူရေးဆိုင်ရာ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေး လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ခြင်း၊ လက်တွေ့အသုံးချ မွေးမြူရေးနည်းပညာ ပြန့်ပွားရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်းကို သုတေသီများ၊ ပညာရှင်များနှင့် သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်ရန် လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဆေးစမ်းတိရစ္ဆာန်အဆောက်အအုံ ကမ္ပည်းမော်ကွန်းကိုစက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြပြီး ဆေးစမ်းတိရစ္ဆာန်များ မွေးမြူထားရှိမှု၊ ကာကွယ်ဆေးများ စမ်းသပ်နေမှု အခြေအနေများကို ဧည့်သည်တော်များနှင့် အတူ လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

✣ စာမျက်နှာ ၇ မှ

အခုလိုပွဲဖြစ်မြောက်အောင် စီမံဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ ပြန်ကြားရေးဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုတက္ကသိုလ်နဲ့ မြဝတီရုပ်မြင်သံကြားကိုလည်း အထူးပဲကျေးဇူးတင်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်ကို တက်ရောက်တဲ့အခါမှာ ပင်ပန်းတာလည်းရှိပါတယ်။ တေးဂီတဖျော်ဖြေမှုကနေ စိတ်ခွန်အားရရှိစေတာကြောင့် နိုင်ငံအတွက်ဆက်လက်ထမ်းဆောင်မှုမှာ တစ်တပ်တစ်အားဖြစ်စေပြီး သူတို့တွေလည်း ဝမ်းသာပျော်ရွှင်နေကြမယ်လို့ ယုံကြည်ပါတယ်။ အခုလိုပွဲမျိုးကို အခါကြီးရက်ကြီး၊ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့နဲ့ တက္ကသိုလ်နှစ်ပတ်လည်နေ့တွေမှာ တစ်ခုခုကို ကျင်းပပေးနိုင်မယ်ဆိုရင် သင်တန်းသားတွေလည်း ပျော်ရွှင်ချမ်းမြေ့ကြလိမ့်မယ်လို့ မြင်မိပါတယ်”ဟု ဖျော်ဖြေမှုအပေါ် ရင်တွင်းစကားသံတို့ကို တက်ကြွလန်းဆန်းစွာ ပြောကြားခဲ့ပါသည်။

နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်မှ မော်ကွန်းထိန်းဖြစ်သူ ဒေါ်ခင်ချိုဦးကလည်း “အခုလိုဖျော်ဖြေပွဲကို ကြည့်ရှုခံစားရတာဟာ ကျွန်မအပါအဝင် သန္နေဝန်ထမ်းတွေအားလုံး ဝမ်းသာပီတိဖြစ်နေကြပါတယ်။ သင်တန်းသားသင်တန်းသူအားလုံးလည်း စိတ်ချမ်းသာပျော်ရွှင်ကြပါတယ်။ ဒီနေ့ဖျော်ဖြေပွဲဟာ စုံညီတယ်လို့ပြောရမှာပါ။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားနဲ့ ရန်ကုန်ယဉ်ကျေးမှုတက္ကသိုလ်က အကအဖွဲ့တွေလည်း ပါဝင်ကြတဲ့အတွက် ကြည့်ရှုရတာ ကဏ္ဍစုံလင်ပါတယ်။ အခုလိုဖျော်ဖြေပွဲဟာ ပထမဆုံးအကြိမ်ဖြစ်တာကြောင့် အားလုံးတက်ကြွနေကြတာကို တွေ့ရပါတယ်။ အပြင်မှာသွားရောက်ကြည့်ရှုဖို့ မလွယ်ကူတဲ့အတွက် လာရောက်ဖျော်ဖြေပေးမှုဟာ အထူးသဖြင့် သင်တန်းသားတွေကို စိတ်ခွန်အားဖြစ်စေပြီး ဝန်ထမ်းနဲ့မိသားစုဝင်တွေကိုလည်း အပန်းပြေစေပါတယ်။ သို့အတွက်ကြောင့် နိုင်ငံတော်ဝန်ကြီးချုပ်နဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေကို အထူးပဲ ကျေးဇူးတင်ပါတယ်။ ဒီလိုဖျော်ဖြေပွဲလေးတွေကိုကျင်းပပေးဖို့လည်း ဖိတ်ခေါ်ပါတယ်၊ ကျင်းပပေးနိုင်ပါစေလို့လည်း ဆုတောင်းပါတယ်”ဟု သူ၏အမြင်ကို ရွှင်လန်းတက်ကြွစွာ ပြောကြားခဲ့ပါသည်။



ပျော်ရွှင်စွာ ကခုန်အားပေးနေကြသည့် သင်တန်းသား သင်တန်းသူများကို တွေ့ရစဉ်။

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ကို ၁၉၆၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဗဟိုပြည်သူ့ဝန်ထမ်းကျောင်းအမည်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၇၇ ခုနှစ် မေလ ၅ ရက်နေ့တွင် ဗဟိုဝန်ထမ်းတက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ကာ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)ဟု အမည်သတ်မှတ်ခဲ့သည်။ ၂၀၁၆ ခုနှစ် မေလ ၂၇ ရက်နေ့တွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ဟု အမည်ပြင်ဆင်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့တွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် “ပြည်သူ့ဝန်ထမ်းအကယ်ဒမီ” (Civil Services Academy) ကို ဖွင့်လှစ်ခဲ့သည်။ ၂၀၂၂ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)အား နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ဟု အမည်ပြောင်းလဲခဲ့သည်။

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ည ၁၁ နာရီကျော်တွင် တေးဂီတအဖွဲ့ကို တင်ဆောင်လာသော မှန်လုံယာဉ်သည် တောင်သူလယ်သမားနေ့ တပို့တွဲလပြည့်ကျော်ည လရောင်ပြပြကို အားပြု၍ ရန်ကုန်မြို့သို့ ထွက်ခွာလာခဲ့သည်။ သင်တန်းသား သင်တန်းသူများမှာ ကာရာအိုကေပြိုင်ပွဲတွင် ဆုရရှိသူများအတွက် ဂုဏ်ပြုစကားသံများ၊ သီဆိုသွားကြသည့်တေးသံရှင်တို့၏ မြူးကြွလှပသည့်ပုံရိပ်များကို တစ်ပြန်တစ်လှည့် မျှဝေခံစားနေကြမည့် စကားသံများဖြင့် အဆောင်အတွင်း လွှင့်ပျံ့နေမည်မှာ အမှန်ပင်ဖြစ်သည်။ ရုံးပိတ်ရက်လည်းဖြစ်၍ အတိုးချကာ လွတ်လပ်ပေါ့ပါးစွာ ပြောဆိုနေကြမည်ဖြစ်သည်။ ဝန်ထမ်းများပျော်ရွှင်မှုသည် ပြည်သူများ၏ ပျော်ရွှင်ကြည်နူးမှုပင်ဖြစ်သည်။ ဝန်ထမ်းကောင်းလျှင် နိုင်ငံကောင်းမည်ဖြစ်၏။ ဝန်ထမ်းများ ကျန်းမာကြံ့ခိုင်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်ရာ၌ ဝန်ထမ်း၊ ပြည်သူနှင့် နိုင်ငံတော် ဟန်ချက်ညီညီ လက်တွဲညီလျက် အာရှတွင် မြန်မာဟူသော ဂုဏ်ပုဒ်ကို ထွန်းလင်းတောက်ပ စွမ်းဆောင်နိုင်ကြပါစေကြောင်းနှင့် ဖျော်ဖြေပွဲညတစ်ညမှသည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပွင့်သောပန်းတိုင်း လန်းရမည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ပုသိမ်ခရိုင်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး၊ (၆၂)နှစ်မြောက် တောင်သူလယ်သမားနေ့အထိမ်းအမှတ် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး စကားဝိုင်းဆွေးနွေးပွဲများနှင့် ပြခန်းများပိတ်ပွဲအခမ်းအနား တက်ရောက်




ပုသိမ် မတ် ၄

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက ပုသိမ်ခရိုင်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး (၆၂)နှစ်မြောက် တောင်သူလယ်သမားနေ့ အထိမ်းအမှတ် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး စကားဝိုင်းဆွေးနွေးပွဲများနှင့် ပြခန်းများ ပိတ်ပွဲအခမ်းအနားကို တက်ရောက်၍ ဆုများချီးမြှင့်သည်။**(အောက်ပုံ)**

**ကြည့်ရှုအားပေး**

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် စာဖြူစုကျေးရွာရှိ စိုက်ပျိုးရေးဦးစီးဌာန၏ Super sun-41 ဆီထွက်သီးနှံနေကြာ ၁၀ ဧကစံပြကွက်နှင့် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ထုတ်စိုက်ခင်း နှစ်ဧကကို ကြည့်ရှုအားပေးပြီး မျိုးရွေးချယ်မှုများ စနစ်တကျဆောင်ရွက်ရန်၊ ပိုးမွှားအန္တရာယ် ဂရုစိုက်ဆောင်ရွက်ရန်၊ ရိတ်သိမ်းချိန် လေလွင့်မှုမရှိစေရေး ဆောင်ရွက်ရန်၊ အထွက်နှုန်းများအား စနစ်တကျမှတ်တမ်းထားရှိရန်နှင့် အထွက်တိုးမျိုးကောင်းမျိုးသန့်များ တိုးချဲ့စိုက်ပျိုးကြရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် အဖွဲ့သည် ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာ၌ ပြုလုပ်သည့် (၆၂)နှစ်မြောက် တောင်သူလယ်သမားနေ့ အထိမ်းအမှတ်အခမ်းအနား(တတိယနေ့) ပန်းတိုင်အထွက်နှုန်း ပြည့်မီရေး စကားဝိုင်းဆွေးနွေးပွဲ ရလဒ်များ ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်ရာ အဓိကသီးနှံ ၁၀ မျိုး ပန်းတိုင်အထွက်နှုန်း ရရှိစေရေး စကားဝိုင်းဆွေးနွေးပွဲ ရလဒ်များကို ခရိုင်စိုက်ပျိုးရေးဦးစီးမှူးများနှင့် တာဝန်ရှိသူများကလည်းကောင်း၊ မွေးမြူရေးစကားဝိုင်းနှင့် ငါးမွေးမြူရေး စကားဝိုင်းတို့မှ ဆွေးနွေးပွဲရလဒ်များကို တာဝန်ရှိသူများကလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးသည်။




**မှာကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် အဖွဲ့သည် ကန်ကြီးထောင့်မြို့နယ် အနောက်စုကျေးရွာရှိ ဦးအောင်နိုင်ဦး၏ ဆီကြိတ်စက်သို့ သွားရောက်၍ နေကြာဆီကြိတ်ခဲ့ထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးပြီး သန့်ရှင်းလတ်ဆတ်၍ ကျန်းမာရေးနှင့် ညီညွတ်သည့် စားသုံးဆီများ ထုတ်လုပ်နိုင်ရေးနှင့် အဆင့်မီ ဆီကြိတ်စက်များနှင့် နေကြာဆီများ ပိုမိုထုတ်လုပ်နိုင်ရေး မှာကြားသည်။**(အပေါ်ပုံ)**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် တောင်သူများနှင့် လက်ရည်တစ်ပြင်တည်း နေ့လယ်စာ အတူတကွသုံးဆောင်ကြသည်။

ထို့နောက် ဆွေးနွေးပွဲဒုတိယပိုင်းကို ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် အဖွဲ့သည် ဝါးခယ်မမြို့နယ်နှင့် မအူပင်မြို့နယ်တို့မှ နေကြာ ပန်းတိုင်အထွက်နှုန်း ရောက်ရှိအောင် ဆောင်ရွက်ချက် Video Clip ကို ကြည့်ရှုအားပေးပြီး သာပေါင်းမြို့နယ်မှ နေကြာ ၁၀ ဧက စံပြကွက်အား အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ခဲ့မှု၊ ဇလွန်မြို့နယ်မှ တောင်သူဦးရွှေထူး၏ နေကြာစံပြကွက် အောင်မြင်ဖြစ်ထွန်းနေမှု၊ နေကြာသီးနှံ ပန်းတိုင်အထွက်နှုန်း ရောက်ရှိရေး ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ နေကြာသီးနှံတွင် ကျရောက်တတ်သော ရောဂါလက္ခဏာများ၊ ကာကွယ် နှိမ်နင်းနည်းများ၊ သာပေါင်းမြို့နယ် နေကြာစိုက်ခင်းအတွင်း ကွင်းဆင်းတွေ့ရှိချက်များနှင့် ပျားမွေးမြူရေးပညာရှင်တို့၏ ဆွေးနွေးတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က လိုအပ်သည်များကို ဖြည့်စွက် လမ်းညွှန်မှာကြား ဆွေးနွေးသည်။

ယင်းနောက် ပုသိမ်တက္ကသိုလ် ပထဝီဝင်ဌာနမှ ပါမောက္ခက စပါးအထွက်တိုးရေးနှင့် စိုက်ပျိုးထုတ်လုပ်မှု သုတေသနပြုလုပ်တွေ့ရှိချက်နှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒေသသုတေသနဗဟိုဌာန(မြောင်းမြ)၏ သုတေသနမှူးက ဆောင်ရွက်ခဲ့သည့် သုတေသန၊ ထုတ်လုပ်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက်အပေါ် ဆောင်ရွက်ပြီးစီးမှု၊ မိုးကြိုရာသီတွင် ဆောင်ရွက်နေသည့် သုတေသနလုပ်ငန်းများကို ဆွေးနွေးကြသည်။

**ဆုများချီးမြှင့်**

ဆက်လက်၍ (၆၂)နှစ်မြောက် တောင်သူလယ်သမားနေ့ အထိမ်းအမှတ် ပန်းတိုင်အထွက်နှုန်း ပြည့်မီရေး စကားဝိုင်းဆွေးနွေးပွဲနှင့် ပြခန်းများ ပိတ်ပွဲအခမ်းအနားကို ကျင်းပရာ အထိမ်းအမှတ်ပြခန်းများ ခင်းကျင်းပြသရာ၌ နှစ်သိမ့်ဆု၊ ပဉ္စမ၊ စတုတ္ထ၊ တတိယ၊ ဒုတိယဆုရရှိသည့်ခရိုင်များကို တာဝန်ရှိသူများကလည်းကောင်း၊ နှစ်သိမ့်ဆု ပထမဆုရရှိသည့် မြန်အောင်ခရိုင်အား ပုသိမ်လေတပ်စခန်းဌာနချုပ်မှူးက လည်းကောင်း၊ ဂုဏ်ပြု တတိယဆုရရှိသည့် ပုသိမ်ခရိုင်အား အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးကလည်းကောင်း၊ ဒုတိယဆုရရှိသည့် ကျုံပျော်ခရိုင်အား တိုင်းဒေသကြီးဝန်ကြီးချုပ်က လည်းကောင်း၊ ပထမဆုရရှိသည့် မြောင်းမြခရိုင်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်ကလည်းကောင်း ဆုများချီးမြှင့်ကြသည်။

ထို့နောက်တောင်သူလယ်သမားနေ့ အခမ်းအနားတွင် အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရောက်ရှိစေရေး စကားဝိုင်းဆွေးနွေးပွဲရလဒ်များကို စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက စုစည်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်က "ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒအရပ်ရပ်ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ ဓာတုကင်းလွတ်ရေကြည် ပေါ်ဆန်းကိုလည်း အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ တောင်သူများအနေဖြင့် သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရန်အတွက် မြေဆီလွှာများ ပြန်လည်ကောင်းမွန်ရန်အတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့်သွင်းစိုက်ပျိုးလျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ ဓာတုမြေဩဇာ သုံးစွဲခြင်းများကို လျှော့ချ၍ သဘာဝမြေဩဇာများ သုံးစွဲရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးသည် ရေခံ၊ မြေခံကောင်းမွန်ပြီး တည်ငြိမ်အေးချမ်းသည့်အတွက် စည်ပင်ပြန့်ပွား တိုးတက်မည့် အလားအလာကောင်းများကို တွေ့ရှိနေရပြီ ဖြစ်ပါကြောင်းနှင့် တစ်စုတစ်စည်း စည်းစည်းလုံးလုံးဖြင့် တွေ့ကြုံရသည့် အခက်အခဲများအား ရင်ဆိုင်ကျော်ဖြတ်သွားကြရန်လိုပါကြောင်း" နိဂုံးချုပ် အမှာစကားများ ပြောကြားပြီး ဌာနဆိုင်ရာများနှင့် တောင်သူကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

**သတင်းစဉ်**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၁၈၄၀၉ ခု စစ်ဆေးပြီးစီး
## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၁ ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ခြင်း(၄-၃-၂၀၂၄) ရက်နေ့၊ ည(၈:၀၀)နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂၅-၂-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃-၃-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၈၄၀၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၃၁)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၇) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ပြန်ကြားရေးဝန်ကြီးဌာနက နေပြည်တော်ရှိ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာသို့ အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် မတ် ၄

ပြန်ကြားရေးဝန်ကြီးဌာနက ကရုဏာကမ္ဘာဘိုးဘွားရိပ်သာတွင် ကွန်းခိုနေထိုင်ကြသော အဘိုး၊ အဘွားများအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ အဆိုပါ ဘိုးဘွားရိပ်သာ ရတနာပုံခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာမှ တာဝန်ရှိသူများနှင့် အဘိုး အဘွားများ တက်ရောက်ကြသည်။

ဦးစွာ "နုပျိုဆန်းသစ် ၇၈ နှစ်မှသည် ပြည်သူ့အတွက် MRTV" ဗီဒီယိုဖိုင်ကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဘိုးဘွားများအား နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် နိုင်ငံ့တာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့သည့် ဘိုးဘွားများအား ရိုသေလေးစားသည့် အနေဖြင့်လည်းကောင်း၊ ရှေ့တန်းရောက် တပ်မတော်သားများအား ဂုဏ်ပြုသည့်အနေဖြင့်လည်းကောင်း၊ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများဖြစ်သည့်အတွက် သက်ကြီးဝါကြီးများအား လှူဒါန်းထောက်ပံ့သည့် အနေဖြင့်လည်းကောင်း ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာအတွက် အလှူငွေများ လာရောက်လှူဒါန်းရခြင်းဖြစ်ပါကြောင်းနှင့် ဤကဲ့သို့ ပေးအပ်လှူဒါန်းရသည့်အတွက် များစွာ ဝမ်းမြောက်ပီတိဖြစ်ရပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ကရုဏာကမ္ဘာဘိုးဘွားရိပ်သာအတွက် အလှူငွေကျပ်သိန်း ၅၀၊ ဘိုးဘွားများအတွက်တစ်နေ့တာ အာဟာရကုသိုလ်အဖြစ် ငွေကျပ် ကိုးသိန်းနှင့် MRTV DTH စလောင်းစက်နှင့် DVB T2 set top box များကို



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တက်ရောက်လာကြသူများနှင့် အဘိုးအဘွားများက ဘိုးဘွားရိပ်သာရှိ စစ်သည်ဟောင်းတစ်ဦး၏ တေးသီချင်းသီဆိုနေမှုကို ကြည့်ရှုအားပေးစဉ်။

ပေးအပ်လှူဒါန်းရာ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာတာဝန်ခံအရာရှိ ဗိုလ်မှူးသောင်းမြင့်(ငြိမ်း)က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာတာဝန်ခံအရာရှိ ဗိုလ်မှူးသောင်းမြင့်(ငြိမ်း) က အလှူငွေများ လာရောက်လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

**ကြည့်ရှုအားပေး**

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တေးသံရှင်များနှင့် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ဒိန်းဒေါင်တို့က ငြိမ့်ညောင်းသာယာတေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည့်အပြင် ဘိုးဘွားရိပ်သာရှိ အဘွားတစ်ဦးနှင့် စစ်သည်ဟောင်းတစ်ဦးတို့ကလည်း တေးသီချင်းများဖြင့် ပါဝင်သီဆိုကြရာ အဘိုးအဘွားများက ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများက အဘိုးအဘွားများအား ငွေသားကံစမ်းမဲများ မဲဖောက်ပေးကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘိုးဘွားများနှင့်အတူ နေ့လယ်စာကို လက်ရည်တစ်ပြင်တည်း အတူတကွ သုံးဆောင်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာအတွင်း အဘိုး အဘွားများနေထိုင်သည့် စံပယ်ဆောင်သို့ ရောက်ရှိပြီး နေထိုင်စားသောက်မှုနှင့် ကျန်းမာရေးအခြေအနေများကို မေးမြန်းကာ ရင်းရင်းနှီးနှီး အားပေးစကားပြောကြားသည်။

နှစ်ပေါင်းများစွာ နိုင်ငံတော်နှင့် တပ်မတော်အတွက် သက်စွန့်ကြိုးပမ်း တာဝန်ထမ်းဆောင်ခဲ့ကြသည့် စစ်သည်တော်များ၊ ကျဆုံးစစ်သည်နှင့် ကိုယ်လက်အင်္ဂါစွန့်လွှတ်ခဲ့ရသည့် စစ်သည်တော်များ၏ မိသားစုများအတွက် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာကို ရည်ရွယ်ဖွင့်လှစ်ထားခြင်းဖြစ်ပြီး လက်ရှိရိပ်သာတွင် အဘိုးဆောင် ကိုးဆောင်၊ အဘွားဆောင် ခြောက်ဆောင်၊ အဘိုး အဘွားစုံတွဲဆောင် နှစ်ဆောင်၊ ဆေးကုသဆောင် တစ်ဆောင် ဖွင့်လှစ်၍ အဘိုး ၁၂၆ ဦး၊ အဘွား ၅၉ ဦး၊ ကျဆုံးစစ်သည် မိသားစုဝင် ရှစ်ဦးနှင့် အငြိမ်းစား စစ်သည် ခုနစ်ဦး စုစုပေါင်း ၂၀၀ တို့ကို စောင့်ရှောက်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကရုဏာကမ္ဘာဘိုးဘွားရိပ်သာအတွက် အလှူငွေကျပ်သိန်း ၅၀ ပေးအပ်လှူဒါန်းရာ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာတာဝန်ခံအရာရှိ ဗိုလ်မှူးသောင်းမြင့်(ငြိမ်း) က လက်ခံရယူစဉ်။

# စိုက်ပျိုးရေးထွက်ကုန်များအပေါ် ဂျပန်နိုင်ငံ၏ ပိုးသတ်ဆေးဓာတ်ကြွင်း အမြင့်ဆုံးကန့်သတ်ချက်များဆိုင်ရာ အသိပညာမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် မတ် ၄

အာဆီယံ-ဂျပန်စင်တာ၏ ၂၀၂၃ ဘဏ္ဍာနှစ် စွမ်းဆောင်ရည်မြှင့်တင်ရေး ရန်ပုံငွေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနက ဦးဆောင်ကျင်းပပြုလုပ်သည့် စိုက်ပျိုးရေးထွက်ကုန်များအပေါ် ဂျပန်နိုင်ငံ၏ ပိုးသတ်ဆေးဓာတ်ကြွင်း အမြင့်ဆုံး ကန့်သတ်ချက်များဆိုင်ရာ အသိပညာမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ယနေ့တွင် ရန်ကုန်မြို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) မင်္ဂလာခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ သက်ဆိုင်ရာဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဂျပန်ပဲအသင်းမှ ဒါရိုက်တာ Mr. Yamamoto Shinya နှင့် စီမံကိန်းညှိနှိုင်းရေးမှူး Dr. Nguyen Tuan Anh၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များ အသင်းမှ တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံသို့ ပဲမျိုးစုံတင်ပို့သည့် ကုမ္ပဏီများ၊ အဝယ်ဒိုင်များနှင့် တောင်သူများ တက်ရောက်ကြပြီး ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးက အွန်လိုင်းဖြင့် တက်ရောက်သည်။




အခမ်းအနားတွင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးထွက်ရှိသည့် ပဲမျိုးစုံကို နည်းပညာဆိုင်ရာ စံသတ်မှတ်ချက်များ မြင့်မားသည့် ဈေးကွက်များဖြစ်သော ဂျပန်နိုင်ငံနှင့် အီးယူနိုင်ငံများအပါအဝင် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သို့ပါ အဓိကထား တင်ပို့လျက်ရှိရာ စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိမှသာ ဈေးကွက်တည်မြဲရေးကို ထိန်းသိမ်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ပိုးသတ်ဆေးဓာတ်ကြွင်းဆိုင်ရာ အမြင့်ဆုံးကန့်သတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းဖြင့် ဂျပန်နိုင်ငံကဲ့သို့ နည်းပညာစံသတ်မှတ်ချက်များ မြင့်မားသည့် ဈေးကွက်များအပြင် အခြားသော ဈေးကွက် အခွင့်အလမ်းများ၊ ဈေးနှုန်းများ ပိုမိုရရှိလာမည်သာမက ပြည်တွင်းစားသုံးသူများအတွက်လည်း အစားအစာ ပိုမိုဘေးကင်း လုံခြုံစိတ်ချရမှု ရှိစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးထုတ်လုပ်တင်ပို့မှု လုပ်ငန်းစဉ်တစ်လျှောက် ပိုးသတ်ဆေးကို စနစ်တကျသုံးစွဲရေးနှင့် ဝယ်ယူသည့်နိုင်ငံ၏ သွင်းကုန်ဆိုင်ရာ အရည်အသွေး သတ်မှတ်ချက်များနှင့်အညီ တင်ပို့နိုင်ရေးတို့အတွက် ယခုကဲ့သို့ အသိပညာမြှင့်တင်ရေး လုပ်ငန်းစဉ်များကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ သီးနှံစိုက်ပျိုးထုတ်လုပ်သည့် တောင်သူများ၊ ကုန်သည်များနှင့် ပို့ကုန်တင်ပို့သူများပါ ဟန်ချက်ညီစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးဟန်နှင့် အာဆီယံ - ဂျပန်စင်တာမှ စီမံကိန်းညှိနှိုင်းရေးမှူး Dr. Nguyen Tuan Anh တို့က နှုတ်ခွန်းဆက်စကားပြောကြား၍ စားသုံးသူရေးရာဦးစီးဌာနမှ ဒေတ္တာညွှန်ကြားရေးမှူးချုပ်က မြန်မာ့ပဲမျိုးစုံ ထုတ်လုပ်မှုနှင့် ဂျပန်နိုင်ငံသို့ တင်ပို့စဉ် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဂျပန်ပဲအသင်း၊ စိုက်ပျိုးရေးနှင့် သုတေသနဌာနမှ ဒါရိုက်တာ Mr. Yamamoto Shinya က "Stories from Japan: Japan Market for Beans" နှင့် "Exploring the potential: Sharing from Mung Bean Importer from Japan" ခေါင်းစဉ်များဖြင့် ရှင်းလင်းတင်ပြကာ တက်ရောက်လာသည့် ပို့ကုန်တင်ပို့သူများ၊ အဝယ်ဒိုင်များနှင့် တောင်သူများက သိရှိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ဂျပန်နိုင်ငံ ပဲအသင်း၊ စိုက်ပျိုးရေးနှင့် သုတေသနဌာနမှ ဒါရိုက်တာ Mr. Yamamoto Shinya က ပဲတင်ပို့သူများ၊ အဝယ်ဒိုင်များ၊ တောင်သူများအား ဂျပန်နိုင်ငံသို့ ပဲတင်ပို့ခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမေးမြန်းခြင်းနှင့် ဂျပန်နိုင်ငံသို့ ပဲတင်ပို့လျက်ရှိသည့် အသင်းဝင်ပို့ကုန် ကုမ္ပဏီများအနက်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဂျပန်နိုင်ငံသို့ ပဲတီစိမ်း၊ မတ်ပဲ၊ ထောပတ်ပဲနှင့် နှမ်းတန်ချိန် အများဆုံးတင်ပို့ခဲ့သည့် New Golden Gate (1991) Co., Ltd. ၏ စက်ရုံသို့ သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် လုံးတော်ပြည့်ရွှေစင်ရွှေပြားကပ်လှူရန် ပထမအကြိမ် အလှူငွေပေးအပ်ပွဲ ကျင်းပမည်

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လုံးတော်ပြည့် ရွှေစင်ရွှေပြားကပ်လှူရန် ပထမဖောင်းရစ်ဧရိယာ (၃၄၈၅.၈၇) စတုရန်းပေအား ရွှေစင်ရွှေပြားလိုအပ်သည့် အချပ်ရေမှာ (၃၄၈၅)ချပ် ဖြစ်ပါသည်။ ၂၉-၂-၂၀၂၄ ရက်နေ့အထိ အလှူခံရရှိပြီးသော အချပ်ရေမှာ (၅၂၆)ချပ်သာ ဖြစ်ပါသည်။ လိုအပ်နေသော ရွှေစင်ရွှေပြား (၂၉၅၉)ချပ်ကို (၁)ချပ်လျှင် ၂၅၀၀၀၀၀/- (ကျပ်နှစ်ဆယ့် ငါးသိန်းတိတိ)ဖြင့် ပါဝင်လှူဒါန်းနိုင်ပါသည်။

လုံးတော်ပြည့် ရွှေစင်ရွှေပြားကပ်လှူရန်အတွက်လည်း စေတနာရှင်များ လူကိုယ်တိုင်(သို့) အောက်ပါဘဏ်စာရင်းတွင် တိုက်ရိုက်လှူဒါန်းနိုင်ပါသည်။

လုံးတော်ပြည် ရွှေသင်္ကန်း၊ ရွှေစင်ရွှေပြားကပ်လှူရန် “ပထမ” အကြိမ် အလှူငွေပေးအပ်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပဆောင်ရွက်မည်ဖြစ်ပါသည်။

သဒ္ဓါကြည်လင် ပါရမီရှင်များအနေဖြင့် ကြွရောက်လှူဒါန်းပူဇော်နိုင်ပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

နေ့ရက် - ၁၂-၃-၂၀၂၄ (၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်) အင်္ဂါနေ့
အချိန် - မွန်းလွဲ (၁) နာရီ
နေရာ - စေတီတော်ရင်ပြင်ရှိ ဓမ္မာရုံ။

❖ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

(၁) ဦးမောင်မောင် (ဒုတိယမြို့တော်ဝန်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ)
ဖုန်း - ၀၉-၄၀၄၄၃၄၄၉၉

(၂) ဦးထွန်းကြည် (ဂေါပကအဖွဲ့ဝင်၊ ဥပ္ပါတသန္တိစေတီတော်)
ဖုန်း - ၀၉-၅၁၃၅၆၉၈

(၃) ဦးကြည်လွင် (ဂေါပကအဖွဲ့ဝင်၊ ဥပ္ပါတသန္တိစေတီတော်)
ဖုန်း - ၀၉-၂၅၀၇၉၇၄၁၇

(၄) ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ရုံး
ဖုန်း - ၀၉-၄၄၂၂၅၂၆၇၀

(၅) ပျဉ်းမနားမြို့၊ မြန်မာ့စီးပွားရေးဘဏ်
စာရင်းအမှတ် (CF – 000873) သို့လည်း တိုက်ရိုက်လှူဒါန်းနိုင်ပါသည်။

(၆) AYA Pay (Merchant ID. 20044314)

ရွှေစင်ရွှေပြားကပ်လှူရေး
အလှူငွေလက်ခံရေးဆပ်ကော်မတီ

# ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း(ဗဟို)ကြီးကြပ်ရေးအဖွဲ့ နဝမအကြိမ်အစည်းအဝေးကျင်းပ



**ရန်ကုန် မတ် ၄**

ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း (ဗဟို) ကြီးကြပ်ရေးအဖွဲ့ နဝမအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကမ္ဘာအေး ကုန်းမြေ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) မဟာ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ကျောင်းအုပ် ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း (ဗဟို) ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တစန္ဒဝရက ဗုဒ္ဓမြတ်စွာ သာသနာတော် သန့်ရှင်းတည်တံ့ ထွန်းကား ပြန့်ပွားရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်မည့် သာသနာ့ဝန်ထမ်း ရဟန်းတော်များကို နှစ်စဉ်ပေါ်ထွန်းလာစေသော ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းများအဖြစ် ရေရှည် ဆက်လက်တည်တံ့ခိုင်မြဲနိုင်ပါစေကြောင်း မြွက်ကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ သာသနာတော် ထွန်းကား ပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမင်းထွန်းက ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း(ဗဟို) ကြီးကြပ်ရေးအဖွဲ့ အဋ္ဌမအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လျှောက်ထားပြီး ဆက်လက်ဆောင်ရွက်မည့် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းဆိုင်ရာလုပ်ငန်းစဉ်များကို လျှောက်ထားသည်။

ထို့နောက် ကြွရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြပြီး ဆွေးနွေးချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း လျှောက်ထားကာ ဆွေးနွေးချက် သုံးရပ်နှင့်ပတ်သက်၍ အတည်ပြုချက်နှင့် ဆုံးဖြတ်ချက်များကို ချမှတ်ကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ ဆရာတော် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း (ဗဟို) ကြီးကြပ်ရေးအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေသရာဘိဝံသက သင်တန်းကျောင်းရှိ ကျောင်းအုပ် ဆရာတော်များ အနေဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများထံ တင်ပြလမ်းညွှန်မှု ခံယူရန်ရှိပါက အများဆန္ဒဖြင့် တစ်စုတစ်စည်းတည်း တင်ပြလျှောက်ထား စေလိုကြောင်း မြွက်ကြားပြီး ပြည်ထောင်စုဝန်ကြီးက ကြွရောက်လာကြသည့် ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း နှစ်နှစ်သင်တန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွင့်လှစ်ထားရှိပြီး ယနေ့အချိန်ထိ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ၁၄ ကျောင်းမှ သင်တန်းဆင်း ရဟန်းတော် ၄၅၁၄ပါး သင်တန်း အောင်မြင်ခဲ့ပြီး တက်ရောက်ဆဲ သင်တန်းသားရဟန်းတော် ၂၇၄ ပါး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ကြီးမှူးဖွင့်လှစ်သည့် ကုန်သွယ်မှုမြှင့်တင်ရေးအရာရှိသင်တန်း အမှတ်စဉ် (၁/၂၀၂၄) ဖွင့်ပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် မတ် ၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ကြီးမှူး၍ ကုန်သွယ်မှုမြှင့်တင်ရေးအရာရှိသင်တန်း အမှတ်စဉ် (၁/၂၀၂၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါ ဝန်ကြီးဌာနရှိ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညီလာခံခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့အနေဖြင့် ကမ္ဘာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (World Trade Promotion Organization – WTPO)၊ အာရှကုန်သွယ်မှုမြှင့်တင်ရေးဖိုရမ် (Asian Trade Promotion Forum – ATPF) တို့အပါအဝင် ဒေသတွင်း ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသောကြောင့် ကုန်သွယ်မှုမြှင့်တင်ရေးအရာရှိ (Trade Promotion Officer–TPO) များ၏ အခန်းကဏ္ဍသည် လွန်စွာအရေးပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ပို့ကုန်မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများကို အဓိကတာဝန်ယူထမ်းဆောင်နေရသည့် ဝန်ထမ်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ကောင်းမွန်စွာသိရှိနားလည်မှသာ ထိရောက်သည့် ရလဒ်များရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးထံသို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က သင်တန်းဖွင့်ပွဲအထိမ်းအမှတ်တံဆိပ်ကို ဂါရဝပြုပေးအပ်သည်။

ကုန်သွယ်မှုမြှင့်တင်ရေးအရာရှိ (Trade Promotion Officer – TPO) သင်တန်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရှိဦးစီးဌာနများမှ သင်တန်းသား သင်တန်းသူများ တက်ရောက်မည်ဖြစ်ပြီး ကုန်သွယ်မှုမြှင့်တင်ရေးအရာရှိများ သိသင့်သိထိုက်သည့် စာတွေ့လက်တွေ့ အသိပညာ၊ အတွေ့အကြုံနှင့် ဗဟုသုတများကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ နည်းပြများ၊ နိုင်ငံတကာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့များမှ နည်းပြများက (Physical / Virtual) စနစ်ဖြင့် ရက်သတ္တနှစ်ပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း မိတ်ဆက်တင်ပြခြင်း အခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၄**

ပညာရေးဝန်ကြီးဌာန မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း မိတ်ဆက်တင်ပြခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာစာအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ စီမံကိန်းတွင် တွဲဖက်တာဝန်ထမ်းဆောင်နေကြသော ပညာရှင်များ၊ ပါမောက္ခများ၊ မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီကို ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာဖြင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး အဖွဲ့ဝင်ဦးရေ ၂၀ ကျော်ဖြင့် စတင်ဖွဲ့စည်းခွင့်ပြုခဲ့ကြောင်း၊ မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (၂၀၂၃-၂၀၂၈)ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် စီမံကိန်း စတင်အကောင်အထည်ဖော်ရန် ခွင့်ပြုခဲ့ကြောင်း၊ နေပြည်တော် ရုံးအမှတ်(၁၃) ပညာရေးဝန်ကြီးဌာနတွင် စီမံကိန်းရုံးဖွင့်လှစ်လျက် နည်းပညာဆိုင်ရာ စီမံကိန်းလုပ်ငန်းများကို စတင်ဆောင်ရွက်နိုင်ရန် လိုအပ်သည်များကို ဖြည့်ဆည်းစီစဉ်ပေးခဲ့ကြောင်း၊ ဘာသာစကားလုပ်ငန်းများကို ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာန မြန်မာစာအဖွဲ့ရုံးတွင် မြန်မာစာအဖွဲ့ဝင်ပညာရှင်များ ဦးဆောင်လျက် စီမံကိန်းအတွက် လိုအပ်မည့်ဘာသာစကားအချက်အလက်ပြုစုရေးလုပ်ငန်းများကို စက်တင်ဘာလမှစတင်၍ ကြိုတင်ဆောင်ရွက်ခဲ့ကြောင်း။

AI နည်းပညာနှင့် မြန်မာဘာသာစကားကို ပေါင်းစပ်တည်ဆောက်နိုင်ခြင်းသည် ကိုယ်ပိုင် AI နည်းပညာတစ်ခု မြန်မာနိုင်ငံတွင် ပေါ်ထွန်းလာစေမည်ဖြစ်သကဲ့သို့မြန်မာ့ AI နည်းပညာအဆင့်အတန်း မြင့်မားစေရန်အတွက် အဆင့်တစ်ဆင့်သို့ တက်လှမ်းနိုင်ခြင်းလည်းဖြစ်ပါကြောင်း၊ AI နှင့် မြန်မာဘာသာစကားပေါင်းစပ်ထားသည့် ကွန်ပျူတာ၏ ဘာသာစကားစွမ်းဆောင်မှုနည်းပညာ(NLP)သည် အခြား AI နည်းပညာများအားလုံးနှင့် ချိတ်ဆက်ထားသည့် အရေးအကြီးဆုံး နည်းပညာတစ်ခုဖြစ်ရာ စီမံကိန်းလုပ်ငန်းများမှထွက်ပေါ်လာမည့် AIနည်းပညာရလဒ်များသည်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုစေမည် ဖြစ်ပါကြောင်း။

စီမံကိန်းရည်မှန်းချက်များ ပြီးမြောက်အောင်မြင်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရေး၊ နိုင်ငံသားများ အဆင့်မြင့်နည်းပညာကို အကျိုးရှိစွာအသုံးချနိုင်ရေးအတွက် မိမိတတ်မြောက်ထားသည့် ပညာ၊ ကျွမ်းကျင်မှုတို့ကို အခြေခံလျက် စေတနာထက်သန်စွာ၊ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က မြန်မာစာ မြန်မာစကားစနစ်များသည် လွန်စွာရှုပ်ထွေးနက်နဲသဖြင့် NLPနှင့် AI နည်းပညာလုပ်ငန်းကော်မတီသည် ဘာသာဗေဒ Linguistics လုပ်ငန်းကော်မတီနှင့် ပူးပေါင်းကာ မြန်မာစာရေးထုံးမူများကို မြန်မာစာအဖွဲ့ဝင် ပညာရှင်ကြီးများထံမှ လမ်းညွှန်မှုခံယူကာ ရယူနိုင်သော အားသာချက်ကို အကျိုးရှိထိရောက်စွာ အသုံးချသွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းဒါရိုက်တာ ဒေါက်တာတင်ဘုန်းကျော်က စီမံကိန်းဆိုင်ရာများနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး NLP(AI) နည်းပညာလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါက်တာဝင်းပပက မြန်မာဘာသာ Natural Language Processing(NLP) သုတေသနစီမံကိန်းတွင် ပါဝင်ဆောင်ရွက်မည့် စီမံကိန်းများ၊ စက်ဘာသာပြန်စနစ် (Machine Translation)၊ အသံမှစာသားသို့ အလိုအလျောက်ပြောင်းပေးသောစနစ် (Automatic Speech Recognition)၊ စက်မှစာသားကို အသံထွက်ရွတ်ဖတ်ခြင်း(Text-to-Speech)၊ စာသားထဲမှလူပုဂ္ဂိုလ်၊ နေရာ၊ အဖွဲ့အစည်းတို့၏အမည်များကို ဖော်ထုတ်ပေးခြင်းစနစ် (Name Entity Recognition -NER)၊ စာလုံးပေါင်းသတ်ပုံစစ်ဆေးခြင်း (Spell Checking) စနစ် စသည်တို့ပါဝင်သော စီမံကိန်းလုပ်ဆောင်မည့် နည်းလမ်းများနှင့် စီမံကိန်းကာလအတွင်း ဆောင်ရွက်သွားမည့် အချိန်ခွဲဝေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဘာသာဗေဒလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါက်တာသန့်စင်အေးက ဘာသာစကားပြုစုရေးအဖွဲ့နှင့် ဘာသာဗေဒနည်းပညာအဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြကာ မြန်မာစာအဖွဲ့ ပညာရှင်များ၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် မြန်မာအဘိဓာန်များ၊ မြန်မာ-အင်္ဂလိပ်နှင့် အင်္ဂလိပ်-မြန်မာအဘိဓာန်များ၊ Lexical Database စသည့်မြန်မာဘာသာစကားဆိုင်ရာ အချက်အလက်များ တည်ဆောက်ခြင်း၊ ကွန်ပျူတာဘာသာဗေဒဆိုင်ရာသုတေသနလုပ်ငန်းများကို NLP(AI) နည်းပညာလုပ်ငန်းကော်မတီနှင့် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသူများက မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့်စပ်လျဉ်း၍ ဆွေးနွေးကြပြီး ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒေသဆိုင်ရာဧည့်လမ်းညွှန်အခြေခံသင်တန်း အမှတ်စဉ်(၅၂) သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၄**

ဟိုတယ်နှင့် ခရီးသွားကဏ္ဍ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုး တိုးတက်လာစေရန်နှင့် အရည်အချင်းပြည့်ဝသည့် ဧည့်လမ်းညွှန်ကောင်းများ မွေးထုတ်ပေးနိုင်ရန်ရည်ရွယ်၍ ယနေ့နံနက်ပိုင်းတွင် ဒေသဆိုင်ရာ ဧည့်လမ်းညွှန်သင်တန်း အမှတ်စဉ်(၅၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်၌ ကျင်းပသည်။





အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ နေပြည်တော် ဟိုတယ်လုပ်ငန်းရှင်များအသင်းနှင့် ခရီးသွားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ဧည့်လမ်းညွှန်များ၊ သင်တန်းနည်းပြ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးက ဧည့်လမ်းညွှန်များအနေဖြင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များနှင့် အများဆုံး ထိတွေ့ဆက်ဆံရသူများဖြစ်သောကြောင့် အသိပညာ၊ အတတ်ပညာပြည့်ဝနေစေရန် ကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဟိုတယ်နှင့် ခရီးသွားကဏ္ဍအတွင်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု သင်တန်းများနှင့် ဘာသာစကားသင်တန်းများ၊ ဧည့်လမ်းညွှန် သင်တန်းများ၊ ခရီးသွားလုပ်ငန်း MSMEs သင်တန်းများနှင့် အခြားဆက်စပ်သင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိကြောင်း။

ယနေ့ ဖွင့်လှစ်သည့်ဒေသဆိုင်ရာ ဧည့်လမ်းညွှန်သင်တန်းကို တက်ရောက်နေကြသည့် သင်တန်းသား သင်တန်းသူများအနေဖြင့် ထူးချွန်ထက်မြက်သော၊ စည်းကမ်းပြည့်ဝသော ဧည့်လမ်းညွှန်တစ်ဦးဖြစ်စေရေး စဉ်ဆက်မပြတ်ကြိုးစားလေ့လာကြရန်၊ နေပြည်တော်ကို လာရောက်လည်ပတ်မည့် ခရီးသွားဧည့်သည်များကို မိမိတို့နိုင်ငံ၊ မိမိတို့မြို့တော်၏ မှန်ကန်ပြည့်စုံသည့် သတင်းအချက်အလက်များ၊ ယဉ်ကျေးမှုသမိုင်းကြောင်းများကို ရှင်းလင်းပြောကြားပြီး ဧည့်ဝတ်ပျူငှာစွာဖြင့် နိုင်ငံ့ပုံရိပ်ကိုမြှင့်တင်ကြရန်၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မှန်ကန်မွန်မြတ်သည့် စိတ်ထားဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် ဧည့်လမ်းညွှန်ကောင်းများ ဖြစ်အောင် ကြိုးစားလေ့လာသွားကြရန်နှင့် နေပြည်တော်ကို ခရီးသွားဧည့်သည်များအတွက် လည်ပတ်ရန် ကောင်းမွန်သည့်ခရီးစဉ်ဒေသတစ်ခုဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် ဒေသဆိုင်ရာ ဧည့်လမ်းညွှန်သင်တန်း ဖွင့်လှစ်သင်ကြားပေးနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

အဆိုပါ ဒေသဆိုင်ရာဧည့်လမ်းညွှန် အခြေခံသင်တန်းကို ၂၀၂၅ ခုနှစ် မတ် ၄ ရက်မှ ၂၉ ရက်အထိ ရက်သတ္တလေးပတ်အကြာ ဖွင့်လှစ်သင်ကြားသွားမည် ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၅၄ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး

**ရန်ကုန် မတ် ၄**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ပူပြင်းရာသီသို့ရောက်ရှိလာပြီဖြစ်၍ ရုံးဌာနများ မီးဘေးအန္တရာယ်ကင်းဝေးနိုင်စေရန် မြို့နယ်မီးသတ်ဦးစီးဌာနက ကြီးမှူး၍ ယနေ့မွန်းလွဲ ၁ နာရီတွင် (၃၇)ရပ်ကွက် ပင်လုံလမ်းရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် မီးလောင်မှု၊ မီးလန့်မှုများမဖြစ်ပွားစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြပွဲဆောင်ရွက်ခဲ့သည်။

ထိုသို့ အသိပညာပေးဆောင်ရွက်လျက်ရှိရာတွင် မြို့နယ်စီမံအုပ်ချုပ်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား DCP မီးသတ်ဆေးဘူးအကြောင်း ရှင်းလင်းပြောကြားပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးများက DCP မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်း၊ ဝန်ထမ်းများအား လက်တွေ့ဆောင်ရွက်စေခြင်း၊ အသိပညာပေးဟောပြောပွဲ ဆောင်ရွက်ခြင်းနှင့် ရုံးတွင်းမီးဘေးအန္တရာယ်ကင်းဝေးစေရေး စစ်ဆေးခြင်းတို့ကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိဦးတင်ထွန်းအောင် ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင် ငါးဦးတို့က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# တရုတ်နိုင်ငံ ကူမင်းမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့်ပတ်သက်၍ မီဒီယာများ၊ အဖွဲ့အစည်းများ၏ မေးမြန်းမှုများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ အသိပေးပြောကြားချက်

ဒီနေ့မှာတော့ ကျွန်တော်တို့ တရုတ်နိုင်ငံ ကူမင်းမြို့တွင် ကျင်းပပြုလုပ်ခဲ့တဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့် ပတ်သက်ပြီး မီဒီယာများ၊ အဖွဲ့အစည်းများ မေးမြန်းထားတာကို ပြန်လည်အသိပေးသွားပါမယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးပွဲရဲ့အကြောင်းအရာတွေ၊ သဘောတူညီမှုတွေနဲ့ ပတ်သက်ပြီး တိကျခိုင်လုံမှုမရှိဘဲနဲ့ လိုရာဆွဲပြီး ပြောဆိုနေတာတွေ၊ ဖြစ်ချင်တာတွေကို ပြောဆိုနေတာမျိုးတွေကိုလည်း တွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဦးဆုံး အသိပေးလိုတာကတော့ ဒီဆွေးနွေးမှုကို ဒီလဆန်းပိုင်းမှာ ပြုလုပ်ခဲ့ပါတယ်။ အဲဒီဆွေးနွေးပွဲဟာ ငြိမ်းချမ်းရေး၊ ဆက်လက်ဆွေးနွေးရမှာတွေကို မထိခိုက်စေရေးအတွက် ဆွေးနွေးတဲ့အချက်အလက်တွေကို နှစ်ဦးနှစ်ဖက်က ထုတ်ဖော်မပြောဖို့ သဘောတူထားတဲ့ ဆွေးနွေးပွဲအမျိုးအစားတွေဖြစ်ကြောင်း အသိပေးလိုပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဆွေးနွေးပွဲအကြောင်းအရာတွေနဲ့ သဘောတူညီချက်တွေကို ပြောကြားမှာမဟုတ်ပါဘူး။ ဖြစ်ပေါ်နေတဲ့ ကောလာဟလအပေါ်မှာ ကျွန်တော်တို့ ပြည်သူလူထု၊ မီဒီယာတွေ သိသင့်သိထိုက် အသိပေးရမှာကိုပဲ ပြောကြားလိုပါတယ်။




အဲဒါတွေကတော့ နံပါတ်(၁)အချက်အနေနဲ့ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံပိုင်နက်နယ်နိမိတ် အချုပ်အခြာအာဏာ Sovereignty ဟာ ဆက်လက်ခိုင်မြဲနေမှာ ဖြစ်ပါတယ်။ နံပါတ်(၂)အနေနဲ့ကတော့ ဒေသခံပြည်သူလူထုရဲ့ လူမှုစီးပွားဘဝ တည်ငြိမ်ရေးကို ရှေးရှုပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်ဆဲရေးနဲ့ ပဋိပက္ခလျှော့ချရေးလမ်းစဉ်ကို ဆက်လက်ဆောင်ရွက်နေပါတယ်။ နံပါတ်(၃)အနေနဲ့ကတော့ နယ်စပ်ဒေသတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်စပ်ဂိတ်တွေစီမံခန့်ခွဲမှု၊ ကုန်သွယ်မှုတို့ဟာ နှစ်နိုင်ငံအစိုးရတွေရဲ့ စီမံခန့်ခွဲမှုအောက်မှာပဲ ရှိမှာဖြစ်ပါတယ်။ နံပါတ်(၄)အနေနဲ့ကတော့ တရုတ်-မြန်မာ နှစ်နိုင်ငံလုံးနဲ့ သက်ဆိုင်တဲ့ အကျိုးစီးပွားတွေကို မြန်မာအစိုးရအနေနဲ့ အလေးထားကာကွယ်မှုတွေ ဆောင်ရွက်နေပါတယ်။ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နံပါတ်(၅)အနေနဲ့ကတော့ နယ်စပ်ဒေသတည်ငြိမ်ရေး၊ လုံခြုံရေးကိုထိခိုက်စေတဲ့ မူးယစ်ဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုတွေ၊ Cyber မှုခင်းကိစ္စတွေကို နှစ်နိုင်ငံအစိုးရနှစ်ရပ်ပူးပေါင်းပြီး ပြတ်ပြတ်သားသား ဆက်လက်နှိမ်နင်းသွားမှာ ဖြစ်ပါတယ်။ နံပါတ်(၆) အနေနဲ့ကတော့ မြန်မာနိုင်ငံရဲ့ ပိုင်နက်နယ်မြေတွေမှာ အသုံးပြုပြီး အိမ်နီးချင်းနိုင်ငံတွေရဲ့ အကျိုးစီးပွားကို ထိခိုက်အောင်လုပ်ဆောင်တဲ့ မည်သည့်လုပ်ဆောင်မှုကိုမှ မြန်မာနိုင်ငံက လက်ခံမှာမဟုတ်ပါဘူး။ နံပါတ်(၇)အနေနဲ့ကတော့ ငြိမ်းချမ်းရေးဆွေးနွေးမှုကို ဖြစ်မြောက်အောင် လုပ်ဆောင်ပေးတဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနဲ့ သက်ဆိုင်သူအားလုံးကို ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

## ဂျပန်နိုင်ငံ၌ ထရပ်ကားမောင်းသူ ရှားပါးလာ၍ လေယာဉ်နှင့် ကျည်ဆန်ရထားများဖြင့် ပါဆယ်ထုပ်များ ပို့ဆောင်မည်

**တိုကျို မတ် ၄**

ဂျပန်နိုင်ငံ၌ ထရပ်ကားမောင်းသူ ရှားပါးလာခြင်းကြောင့် လေယာဉ်နှင့် ကျည်ဆန်ရထားများဖြင့် ပါဆယ်ထုပ်များ ပို့ဆောင်ရေးဆိုင်ရာ ဝန်ဆောင်မှုအသစ်များ ဆောင်ရွက်နေကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

**လျော့နည်းလာ**

အိမ်အရောက် ပါဆယ်ထုပ်များပို့ဆောင်ပေးသည့်လုပ်ငန်းများသည် လုပ်သားများရှားပါးလာမှုကြောင့် လုပ်ငန်းဆောင်ရွက်နိုင်ခြင်းလျော့နည်းလာကြသည်။ ယင်းအခြေအနေအရ အေအင်န်အေလေကြောင်းလုပ်ငန်းသည် လာမည့်လတွင် တိုကျိုမြို့ ဟာနီဒါလေဆိပ်မှ ဂျပန်နိုင်ငံအနောက်ပိုင်း အိုကာယာမာလေဆိပ်သို့ ပါဆယ်ထုပ်ပို့ဆောင်ရေး ဝန်ဆောင်မှုကို စတင်ဆောင်ရွက်မည်ဖြစ်သည်။

လေယာဉ်များတွင် ပါဆယ်ထုပ်များသယ်ဆောင်ရေးအတွက် နေရာပေးနိုင်ပြီး အမြန်ရောက်ရှိနိုင်သည့် အကျိုးကျေးဇူးများရှိသည်ဟု ANA ၏တာဝန်ရှိသူ Suehara Sei က ပြောကြားသည်။

၎င်းအပြင် ကျည်ဆန်ရထားများသည်လည်း တိုကျို၊ အိုဆာကာနှင့် နာဂိုယာကြားတွင် စီးပွားဖြစ် ပါဆယ်ထုပ်များပို့ဆောင်ခြင်းကို လာမည့်လတွင် စတင်တော့မည်ဖြစ်ကြောင်း Central Japan Railway ကုမ္ပဏီက မှတ်ချက်ပြု ပြောကြားခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - စိုးသူရ**




## ဂါဇာကမ်းမြောင်ဒေသတွင် ပါလက်စတိုင်းသေဆုံးသူ ၃၀၅၃၄ ဦး ရှိလာ

**ဂါဇာ မတ် ၄**

ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးစစ်ဘက်၏ တိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်း သေဆုံးသူဦးရေမှာ ၃၀၅၃၄ ဦး ရှိလာခဲ့ကြောင်း ဟားမတ်စ်အဖွဲ့မှ ကြီးမှူးသော ကျန်းမာရေးဝန်ကြီးဌာနက မတ် ၄ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။



အစ္စရေးစစ်ဘက်၏ တိုက်ခိုက်မှုကြောင့် လွန်ခဲ့သည့် ၂၄ နာရီ အတွင်း ပါလက်စတိုင်း ၁၂၄ ဦး သေဆုံးပြီး ၂၁၀ ဒဏ်ရာရရှိခဲ့ကာ လက်ရှိအချိန်တွင် သေဆုံးသူ စုစုပေါင်း ၃၀၅၃၄ ဦးနှင့် ဒဏ်ရာရရှိသူ ၇၁၉၂၀ အထိ ရှိလာခဲ့ကြောင်း သိရသည်။

အစ္စရေးနိုင်ငံသည် ဂါဇာကမ်းမြောင်ဒေသရှိ ဟားမတ်စ်အဖွဲ့ကို ပြင်းပြင်းထန်ထန် ထိုးစစ်ဆင်ကာ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်မှ စတင်ကာ ဟားမတ်စ်အဖွဲ့အား လက်တုံ့ပြန်ရန် ကြီးမားသောထိုးစစ်ကို စတင်လုပ်ဆောင်နေပြီး ယင်းဖြစ်စဉ်အတွင်း အစ္စရေးတောင်ပိုင်း၌ လူပေါင်း ၁၂၀၀ သေဆုံးကာ ၂၀၀ ကျော် ဓားစာခံအဖြစ် ဖမ်းဆီးခံခဲ့ရကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

## အီရတ်နိုင်ငံက ဖေဖော်ဝါရီလတွင် ရေနံစိမ်းစည်ပေါင်း ၉၉ သန်းကျော် တင်ပို့ခဲ့

**ဘဂ္ဂဒက် မတ် ၄**

အီရတ်နိုင်ငံသည် ဖေဖော်ဝါရီလအတွင်း ရေနံစိမ်းစည်ပေါင်း ၉၉ ဒသမ ၅၉ သန်းခန့် တင်ပို့ခဲ့ကြောင်း အီရတ်နိုင်ငံ၏ ရေနံဝန်ကြီးဌာနက မတ် ၃ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ဘာဆရာဆိပ်ကမ်းမှတစ်ဆင့် အီရတ်အလယ်ပိုင်းနှင့် တောင်ပိုင်းရှိ ရေနံတွင်းများမှ ရေနံစိမ်းစည်ပေါင်း ၉၈ ဒသမ ၁၈ သန်းနှင့် မြောက်ပိုင်း ကေယာရာရေနံတွင်းမှ ရေနံစိမ်းစည်ပေါင်း ၉၇၅၆၃၁ စည်တို့ကို အိမ်နီးချင်း ဂျော်ဒန်နိုင်ငံသို့ စည်ပေါင်း ၄၃၃၁၂၆ စည် တင်ပို့ခဲ့ကြောင်း အီရတ်ကုမ္ပဏီတစ်ခုဖြစ်သည့် ရေနံဈေးကွက် ရှာဖွေရေးအဖွဲ့၏ ပဏာမစာရင်းဇယားကို ကိုးကား၍ ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဇန်နဝါရီလတွင် အီရတ်သည် ရေနံစိမ်းစည်ပေါင်း ၁၀၃ ဒသမ ၅ သန်းခန့် တင်ပို့ခဲ့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၈ ဒသမ ၀၂၅ ဘီလီယံ ရရှိခဲ့သည်။ အီရတ်နိုင်ငံ၏ စီးပွားရေးသည် ရေနံစိမ်းတင်ပို့မှုအပေါ် ကြီးကြီးမားမား မှီခိုနေရပြီး နိုင်ငံဝင်ငွေ၏ ၉၀ ရာခိုင်နှုန်းကျော်ရှိသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**



## အာဖရိကဒေသ ဘာကီနာဖာဆိုရှိ ကျေးရွာများအား အစ္စလာမ္မစ်အစွန်းရောက်များက တိုက်ခိုက်၊ ၁၇၀ ခန့် သေဆုံး

**ဘာကီနာဖာဆို မတ် ၄**

အာဖရိကဒေသ ဘာကီနာဖာဆိုရှိ ရွာသုံးရွာအား အစ္စလာမ္မစ်အစွန်းရောက်များ၏ တိုက်ခိုက်မှုအတွင်း လူ ၁၇၀ ခန့် သေဆုံးခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

ဘာကီနာဖာဆို နိုင်ငံတွင် အစ္စလာမ္မစ် အစွန်းရောက်များ၏ တိုက်ခိုက်မှုများကြောင့် လုံခြုံရေးအခြေအနေ ဆိုးရွားနေသည်။ ၎င်းတိုက်ခိုက်မှုများသည် နိုင်ငံ၏ မြောက်ဘက် Yatenga ပြည်နယ်ရှိ ကျေးရွာများတွင် ဖေဖော်ဝါရီ ၂၅ ရက်က ဖြစ်ပွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါ သေဆုံးသူများထဲတွင် အမျိုးသမီးနှင့် ကလေးသူငယ်ဒါဇင်များစွာ ပါဝင်သည်ဟု အသက်ရှင် ကျန်ရစ်သူများက ပြောကြားသည်။ ၂၀၁၅ ခုနှစ်ကတည်းက ဘာကီနာဖာဆိုရှိ အစ္စလာမ္မစ်စစ်သွေးကြွများသည် နိုင်ငံ၏ မြောက်ပိုင်းဒေသတွင် တိုက်ခိုက်မှုများနှင့် အကြမ်းဖက်လုပ်ရပ်များကို ပြုလုပ်ခဲ့ကြသည်။ ၎င်းအကြမ်းဖက် တိုက်ခိုက်မှုများကြောင့် ၂၀၂၃ ခုနှစ်တွင် လူပေါင်း ၈၅၀၀ ခန့် သေဆုံးခဲ့ပြီး နှစ်သန်းကျော်မှာ အိုးအိမ်မဲ့ဖြစ်ခဲ့ရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - စိုးသူရ**

# ကောလင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာများကိုမီးရှို့ပြီး အရပ်သားများကို ဖမ်းဆီးသတ်ဖြတ်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၄

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်ရှိ သခွတ်ခုံကျေးရွာ၊ ရွာမကျေးရွာ၊ ပေကုန်းကျေးရွာ၊ ကျောက်တန်းကျေးရွာနှင့် ငါးကြီးအိုင်ကျေးရွာတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် အရပ်သားသုံးဦးကိုလည်း ဖမ်းဆီးသတ်ဖြတ်ခဲ့ကြောင်း ကောလာဟလသတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက အထင်အမြင်လွဲမှားဖွယ် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မှန်ကန်မှုမရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရသိရှိရပြီး KIA နှင့် PDF အမည်ခံအကြမ်းဖက်သမားများ အနေဖြင့် ကောလင်းမြို့တွင်းမှ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီးနောက် ကောလင်းမြို့တွင်း၌ မိုင်းရှင်းလင်းခြင်းလုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ ကျေးရွာများအတွင်းသို့ လက်နက်ကြီးများဖြင့် ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်ခြင်းများကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များမီးလောင်ပျက်စီးခဲ့ရကြောင်းနှင့် ပြည်သူအချို့ ထိခိုက်သေဆုံးခဲ့ရကြောင်း သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်ပုံချကာ တစ်ဖက်သတ်စွပ်စွဲရေးသားထားသည့်သတင်းတု၊သတင်းမှားများဖြင့် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် လူမှုကွန်ရက်ပေါ်တွင် လှို့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။




သတင်းစဉ်

# မြင်းခြံမြို့နှင့် နွားထိုးကြီးမြို့နယ်အစပ်ရှိ ကျေးရွာများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံများကို ခြိမ်းခြောက်မောင်းထုတ်ပြီး ရွှေငွေများယူဆောင်သွားခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၄

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကန်ဆွယ်ကျေးရွာနှင့် နွားထိုးကြီးမြို့နယ် နန္ဒင်းတော်ပိုးကျေးရွာတို့မှ ဒေသခံပြည်သူများကို မတ် ၁ ရက်က ကျေးရွာများအတွင်းမှ ခြိမ်းခြောက်မောင်းထုတ်ပြီး ရွှေငွေအဖိုးတန်ပစ္စည်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များကယူဆောင်သွားခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများအထင်အမြင်လွဲမှားစေရန်အတွက် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




## သတင်းအမှားဖြစ်

အဆိုပါသတင်းနှင့်ပတ်သက်၍ မြေပြင်သတင်းပေးပို့ချက်များနှင့် လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်များအရ ကန်ဆွယ်ကျေးရွာနှင့် နန္ဒင်းတော်ပိုးကျေးရွာတို့မှ ဒေသခံပြည်သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ခြိမ်းခြောက်မောင်းထုတ်ပြီး ရွှေငွေအဖိုးတန်ပစ္စည်းများကို ယူဆောင်သွားသည်မှာ မှန်ကန်မှုမရှိသည့် သတင်းအမှားဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာကျဆင်းစေရန်အတွက် လုပ်ကြံရေးသားခြင်းဖြစ်ကြောင်း သိရှိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့ရွာများတွင် PDF အမည်ခံအကြမ်းဖက်သမားများ ဝင်ရောက်လှုပ်ရှားမှုမရှိစေရန်နှင့် အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ခြင်း မရှိစေရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိရာ တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများဖြင့် ပြည်သူများ ကြောက်ရွံ့ထိတ်လန့်စေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်တို့အတွက် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် မတ် ၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Yoon Thinze Htun" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အောင်မင်္ဂလာရပ်ကွက်နေ ယွန်းသဉ္ဇာထွန်း(ခ)ယွန်းယွန်းအား မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် ကျောက်ပန်းတောင်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၅-၃-၂၀၂၄ အင်္ဂါနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မေတ္တသုတ်၊ ခန္ဓသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ မြန်မာပြည်တောင်ဘက်ဖျားမှ သဘာဝအစွမ်းကမ်းဇော်သီ
- ၀၉:၁၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၀၉:၄၀ Sports Diary
- ၁၀:၃၀ မြန်မာ့ရိုးရာဝါးလက်မှုပညာ
- ၁၁:၃၀ ၂၀၂၄ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ (ဘောဂဗေဒဘာသာရပ်)
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစေတလာ' (အပိုင်း-၃၉)
- ၁၃:၁၅ MRTV National News
- ၁၃:၅၀ (၇၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်း 'ကြယ်နှင့်အတူ' (အပိုင်း-၉၊ ၁၀)
- ၁၅:၂၅ ၂၀၂၄ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ (ပထဝီဝင်ဘာသာရပ်)
- ၁၆:၃၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၇:၁၀ Weekly MNL Review
- ၁၇:၂၅ ဒေသတစ်ခုထုတ်ကုန်တစ်မျိုး
- ၁၇:၃၅ 'နိုဆားအိုလူး' (မင်္ဂလာပါ) အာခါလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ
- ၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်သူအနားကချစ်လိပ်ပြာ' (အပိုင်း-၁၆)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားဖွဲ့' (အပိုင်း-၁)
- ၂၂:၁၀ မြန်မာဇာတ်လမ်းတွဲ 'ဝိန်းကြာဖက်၌တင်သောရေ' (အပိုင်း-၄)

### mitv

- 07:02 Evergreen Classic: Migadawon
- 07:10 Myanmar Big Circular Tray
- 07:26 Bo Cho Island, Makyonegalet
- 07:39 Don Min Artist
- 08:01 News
- 08:26 Asia Updates; Blade Library (NHK World)
- 08:31 The Four Famous of Bagan
- 08:50 Myanmar Traditional Snacks: Sago with coconut milk
- 09:01 Introductory Programme of Literary Award Winners (U Ye Dway)
- 09:25 Listening Pleasure, Instrumental Music (Myanmar Harp) Zeyatu Sabba Mingalan
- 09:36 Frishery Products: Pickled Prawn Business
- 09:50 Traveling in Kayah State
- 10:26 Secret Recipes by Gourmet Chefs (Thai)

### MRTV NRC

- ရခိုင် (၀၆:၀၀ မှ ၀၈:၀၀) ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၈)
- ရှမ်း (၀၈:၀၀ မှ ၁၀:၀၀) ကောက်ညှင်းကျည်တောက်နှင့်ခေါ်ပုတ်မီးကင်
- ဝ (၁၀:၀၀ မှ ၁၂:၀၀) တန့်ယန်းမြို့အလှ
- ကချင် (၁၂:၀၀ မှ ၁၄:၀၀) ကချင်ရိုးရာငါးကင်လုပ်စားကြမယ်
- ကယား (၁၄:၀၀ မှ ၁၆:၀၀) ကယားရိုးရာခေါင်ရည်
- ဝကေကရင် (၁၆:၀၀ မှ ၁၇:၀၀) ပဲခူးအနောက်ဘက်ဒေသ၏ကရင်ရိုးရာ ရက်ကန်းရက်လုပ်ခြင်း
- အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀) သာယာလှပသဲမြို့ကျွန်းအလှ
- အရှေ့ပိုးကရင် (၁၈ :၀၀ မှ ၁၉:၀၀) ရိုးရာအိမ်ချက်ဟင်းတစ်ခွက်
- ချင်း (လိုင်ဇိုး) (၁၉:၀၀ မှ ၂၀:၀၀) သင်မယ်၊ ရေးမယ် 'တို့' ချင်းစာ(အပိုင်း-၂၉)
- ချင်း (ချိုး) (၂၀:၀၀ မှ ၂၁:၀၀) စွန်တောင်ရွာက ရေငန်စိမ့်စမ်းများ
- မွန် (၂၁:၀၀ မှ ၂၃:၀၀) မွန်ပြည်နယ်အစိုးရအဖွဲ့ပြည်နယ်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (သာစွဌာနေ ရာမညမြေ)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၈:၄၅ Weekly Selected News
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၂:၁၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၁၅ အနောက်ပိုင်းအတွင်းမွန်ဂိုလီးယား(အပိုင်း-၆)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တောင်းဝန်ဝါတယ်'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဒီမိုကရေစီဆိုသည်မှာ(အပိုင်း-၁)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျပန်နိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ(အပိုင်း-၅)

### MRTV FARMERS' Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ သင်္ဘောစိုက်ပျိုးနည်းနှင့်သင်္ဘောသီး ချဉ်စပ်ယိုပြုလုပ်နည်း
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ Planet 1
- ၂၂:၀၀ ခူ(ဇာတ်လမ်း)
- ၂၃:၃၀ A Complete Guide to Digging & Planting your first vegetable Garden

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၅၀ Sports Diary
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၄၀ သင်အပ်တတ်စရာ 'သိုင်းပညာ'

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင် လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ၊ စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများ လာရောက်ပေးအပ်




နေပြည်တော် မတ် ၄

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ပြုချီးမြှင့်ငွေများ၊ စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများ ဂုဏ်ပြုပေးအပ်ခြင်းကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေများ၊ စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများ ဂုဏ်ပြုပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ပြည်နယ်လူမှုရေးရာဝန်ကြီးတို့က လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုပေးအပ်သည့် ငွေကျပ်သိန်း ၁၅၀၀ နှင့် ငွေကျပ်၂၀၂၃၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများကို ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးနှင့် ဒုတိယတိုင်းမှူးတို့က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများအား လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ယာယီတိုက်ပွဲရှောင်ပြည်သူများထံသို့ ထောက်ပံ့ငွေများ ပေးအပ်



ညောင်ရွှေ မတ် ၄

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် အတွင်းသို့ ရောက်ရှိခိုလှုံလာကြသည့် ယာယီတိုက်ပွဲရှောင် ပြည်သူများထံသို့ ထောက်ပံ့ငွေပေးအပ်ပွဲကို မတ် ၄ ရက် မွန်းတည့် ၁၂ နာရီက ညောင်ရွှေမြို့ အဋ္ဌဒိသာ ဒေသစာရီ စံကျောင်းတော်၌ ကျင်းပသည်။

ထောက်ပံ့ ပေးအပ်ပွဲတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်က ယာယီတိုက်ပွဲရှောင် ပြည်သူများအနေဖြင့် လိုအပ်သည်များရှိပါက တင်ပြဆွေးနွေးပေးကြရန် ပြောကြားသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် ဦးစောဒန်နီယယ်က ပြန်လည်ထူထောင်ရေးအတွက် ဆောင်ရွက်နိုင်ရန် အားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန်နှင့် လုံခြုံအေးချမ်းမှုရှိမှသာ ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ ပြည်သူများကလည်း လိုအပ်သည်များရှိပါက တင်ပြပေးကြရန် ပြောကြားသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် ညောင်ရွှေမြို့နယ် အတွင်းသို့ ခိုလှုံရောက်ရှိလာသော ယာယီတိုက်ပွဲရှောင် ပြည်သူများထံသို့ ထောက်ပံ့ငွေများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် ဦးစောဒန်နီယယ်က ပေးအပ်ရာ ယာယီတိုက်ပွဲရှောင်ပြည်သူနှစ်ဦးက လက်ခံရယူပြီး ယာယီတိုက်ပွဲရှောင်ပြည်သူများက လိုအပ်သည်များ တင်ပြဆွေးနွေးကြ၍ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် ဦးစောဒန်နီယယ်တို့က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ယာယီတိုက်ပွဲရှောင်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

ယင်းနောက် ညောင်ရွှေမြို့ မြို့လယ်ရပ်ကွက်ရှိ ရန်ကုန်ကျောင်းနှင့် နန္ဒဝန်ရပ်ကွက်ရှိ မဟာရန်အောင် ကျောင်းတွင် ယာယီတိုက်ပွဲရှောင် ပြည်သူများအား ပြည်နယ်ဝန်ကြီးချုပ်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် ဦးစောဒန်နီရယ်နှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ၍ အားပေးစကား ပြောကြားကြပြီး ထောက်ပံ့ငွေများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် ဦးစောဒန်နီယယ်က ပေးအပ်ရာ ယာယီတိုက်ပွဲရှောင်ပြည်သူများက လက်ခံရယူပြီး ယာယီတိုက်ပွဲရှောင်ပြည်သူများက လိုအပ်ချက်များ တင်ပြဆွေးနွေးကြကြောင်းနှင့် လိုအပ်ချက်အပေါ် ပြည်နယ်ဝန်ကြီးချုပ်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် ဦးစောဒန်နီယယ်တို့က ကူညီဆောင်ရွက်ပေးခဲ့ပြီး ယာယီတိုက်ပွဲရှောင် ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် ညောင်ရွှေမြို့ ယဉ်ကျေးမှုပြတိုက်သို့ သွားရောက်ကြည့်ရှုရာ ပြတိုက်တာဝန်ခံက လိုက်လံရှင်းလင်းကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ရေးမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ အသိပညာပေးဟောပြော

ရေး မတ် ၄

မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများအကြောင်းနှင့် ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်ရည်ရွယ်၍ ယနေ့နံနက်ပိုင်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပူးပေါင်း၍ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများအကြောင်း အသိပညာပေးဟောပြောပွဲအခမ်းအနားကို ရေးမြို့နယ် ရန်ကြီးအောင်ရပ်ကွက် စိတ်ကြိုက်ရပ် "နေလကမ္ဘာစာကြည့်တိုက်" ၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် ရေးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးက ပြည်သူ့စစ်မှုထမ်းခြင်းနှင့် ပတ်သက်သည့် အမျိုးသားရေးတာဝန်များ၊ ပြည်သူများအနေဖြင့် စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ စိုးရိမ်ရန်မလိုအပ်သည့်အကြောင်း၊ ပြည်သူ့ စစ်မှုထမ်းရမည့် အသက်အရွယ်၊ ပြည်သူ့စစ်မှုထမ်းရန် ကာလ အပိုင်းအခြား၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းနိုင်သည့် ဆက်သွယ်ရန်ဖုန်းနံပါတ်များ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၏ရည်ရွယ်ချက်၊ ပြည်သူ့စစ်မှုထမ်းတို့၏ခံစားခွင့်များ၊ ပြည်သူ့စစ်မှုထမ်းစနစ်ကျင့်သုံးရသည့် အကြောင်းအရာများနှင့်ပတ်သက်၍ နားလည်သဘောပေါက်စေရေး၊ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေးအတွက် ပါဝါပွိုင့်များဖြင့် အကျယ်တဝင့်အသိပညာပေး ရှင်းလင်းဟောပြောခဲ့သည်။ ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြပြီး ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ အကြောင်း အသိပညာပေး "သတင်းစကား" လက်ကမ်းစာစောင်များကိုလည်း ပြည်သူများလက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ချောင်းဆုံမြို့နယ် မုဒွန်းကျေးရွာ မီးဘေးသင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေပေးအပ်



ချောင်းဆုံ မတ် ၄

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မုဒွန်းကျေးရွာတွင် ဖေဖော်ဝါရီ ၂၀ ရက်က ဘတ္တရီအိုးပေါက်ကွဲ၍ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ နေအိမ် ၁၉ လုံး ပျက်စီးဆုံးရှုံးခဲ့ရပြီး နေအိမ်မီးဘေးသင့်ခဲ့ရသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား မြို့နယ်အခြေခံပညာဦးစီးဌာန ဝန်ထမ်းမိသားစုက ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို မတ် ၄ ရက် မွန်းလွဲပိုင်းက မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်ပညာရေးမှူး ဦးသိန်းဟန်က မီးလောင်ကျွမ်းမှုကြောင့် ဆုံးရှုံးခဲ့ရသည့်အတွက် ထပ်တူဝမ်းနည်းရပါကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လိုအပ်သည့်အကူအညီများ ပေးသွားမည်ဖြစ်ကြောင်း အားပေးစကားပြောကြားပြီး မီးဘေးသင့် ဆရာ ဆရာမလေးဦးအား တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၃၂၀၀၀၀ နှုန်းနှင့် ကျောင်းသား ကျောင်းသူ ကိုးဦးအား တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၁၄၃၀၀၀ နှုန်းဖြင့် စုစုပေါင်းထောက်ပံ့ငွေကျပ်၂၅၆၇၀၀၀ အား တာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် မတ် ၄

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် သာယာဝတီခရိုင်အတွင်း စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှု

**ပဲခူး မတ် ၄**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် မတ် ၃ ရက်နံနက်ပိုင်းက အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ သာယာဝတီခရိုင်အတွင်း စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှုခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မင်းလှမြို့နယ် ဝက်လှကြီးကျေးရွာ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် မြေဇရိယာ ဧက ၄၀ အားစနစ်ကျလယ်ယာမြေ ဖော်ထုတ်နေမှုအား သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် ဒေသခံတောင်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားကာ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးမှူးက ရာသီအလိုက် ကျရောက်တတ်သည့် ပိုးမွှားရောဂါနှင့် တုံ့ပြန်ဆောင်ရွက်ရမည့် နည်းလမ်းများအား ရှင်းလင်းပြောကြားခဲ့ပြီး ဒေသခံတောင်သူများအား သွင်းအားစုများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် လက်ပံတန်းမြို့ မြို့မရပ်ကွက်ရှိ လုပ်ငန်းရှင် ဦးမင်းမင်းစိုး၏ ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့် ထုတ်လုပ်လျက်ရှိသော စားဖိုမှူးငရုတ်ဆီအလုပ်ရုံသို့ သွားရောက်အားပေးခဲ့ပြီး ဒေသတွင်း ဈေးကွက်အချင်းချင်း ချိတ်ဆက်မှာယူဆောင်ရွက်နိုင်ရေး၊ ထုပ်ပိုးမှုစနစ်များ နိုင်ငံတကာအဆင့်မီ အဆင့်မြှင့်တင် ဆောင်ရွက်ရန်နှင့် FDA ထောက်ခံချက်ရရှိနိုင်ရေးပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သာယာဝတီမြို့နယ် ကျွန်းကုန်းကျေးရွာ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တစ်ကွင်းတစ်ဆက်တည်း လက်ဆွဲကောက်စိုက်စက်ဖြင့် နွေစပါးမျိုးစေ့ထုတ် ဧက ၂၀၀ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုနှင့် စုပေါင်းဓာတ်မြေဩဇာကြဲပက်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးခဲ့ပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ဒေသတွင်းအထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်များ ဖူလုံစေရေးနှင့် မျိုးစေ့ထုတ်စိုက်ခင်းများ၌ မျိုးကွဲနုတ်ပယ်ခြင်းများကိုလည်း အလေးထားဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ပြီး နွေစပါးစိုက်တောင်သူများအား သွင်းအားစုများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သာယာဝတီမြို့နယ် သုံးဆယ်မြို့ရှိ လုပ်ငန်းရှင် ဦးဇော်မင်းဦး၏ တံမြက်စည်းအလုပ်ရုံသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့် ကုန်ချောထုတ်လုပ်၍ အိန္ဒိယနိုင်ငံသို့ တစ်ဆင့်ခံပေးပို့နေရသဖြင့် တိုက်ရိုက်တင်ပို့နိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပြီး ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်း တိုးတက်နိုင်ရေးအတွက် လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရုရှားနိုင်ငံ၌ ကျင်းပမည့် နိုင်ငံတကာသတင်းဓာတ်ပုံပြိုင်ပွဲသို့ လူငယ်ဓာတ်ပုံသတင်းထောက်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်

**နေပြည်တော် မတ် ၄**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ အခြေစိုက် Rossiya Segodnya မီဒီယာက ကြီးမှူးကျင်းပသည့် Andrei Stenin International Press Photo Contest သို့ အသက် ၁၈ နှစ်မှ ၃၃နှစ်ကြား ဓာတ်ပုံသတင်းထောက်များက မိမိတို့ကိုယ်တိုင် ရိုက်ကူးထားသည့် သတင်းဓာတ်ပုံဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရှိရသည်။

အဆိုပါဓာတ်ပုံပြိုင်ပွဲသည် နိုင်ငံတကာ လူငယ်ဓာတ်ပုံသတင်းထောက်တစ်ဦးအဖြစ် ရပ်တည်နိုင်စေရန်နှင့် သတင်းဓာတ်ပုံများဖြင့် ကမ္ဘာကြီးအား တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းလိုသည့် လူငယ်များကို မြေတောင်မြှောက်ပေးသည့် အစီအစဉ်တစ်ရပ်ဖြစ်ပြီး ယခုအကြိမ်သည် ဒသမအကြိမ်အဖြစ် ကျင်းပခြင်းဖြစ်သည်။

Andrei Stenin သည် Rossiya Segodnya ၏ ဓာတ်ပုံသတင်းထောက်ဖြစ်ပြီး ၂၀၁၄ ခုနှစ်က Donbas တွင် သတင်းယူရင်း ကွယ်လွန်ခဲ့ရသည်။ ထို့ကြောင့် Rossiya Segodnya မီဒီယာသည် လုပ်ဖော်ကိုင်ဖက်အား ဂုဏ်ပြုသည့်အနေဖြင့် နှစ်စဉ်သတင်းဓာတ်ပုံပြိုင်ပွဲကို ကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ အသက်ကန့်သတ်ချက်ပြည့်မီသည့် ကမ္ဘာတစ်ဝန်းမှ ဓာတ်ပုံသတင်းထောက်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ကဏ္ဍငါးခု ခွဲခြားယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ ကဏ္ဍများမှာ အထူးခြားဆုံးသတင်းဖြစ်စဉ်၊ အားကစား၊ သဘာဝအလှနှင့် ရိုးရာယဉ်ကျေးမှုဆိုင်ရာ၊ ကျွန်ုပ်တို့၏သူရဲကောင်းများ၊ အကောင်းဆုံးမြင်ကွင်း စသည်ဖြင့် ခွဲခြားထားသည်။

**အထူးဆု ရူဘယ် ၇၀၀၀၀၀**

ကဏ္ဍအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုများ ပေးအပ်မည်ဖြစ်ပြီး ဆုကြေးအဖြစ် ရူဘယ် ၁၂၅၀၀၀၊ ၁၀၀၀၀၀၊ ၇၅၀၀၀ ချီးမြှင့်မည်ဖြစ်ပြီး အထူးဆု ရရှိသူအား ရူဘယ် ၇၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၇၅၈၈ ဒေါ်လာ) ချီးမြှင့်ပေးမည်ဖြစ်သည်။

ဓာတ်ပုံများကို ကင်မရာ ၊ ဖုန်းတို့ဖြင့် ရိုက်ကူးနိုင်ပြီး အလင်းအမှောင်တည်းဖြတ်မှု၊ ပုံဖြတ်တောက်မှုများပြုလုပ်နိုင်သော်လည်း နည်းပညာ အသုံးပြု၍ ပြုပြင်မှုများကို လက်မခံကြောင်း JPG အမျိုးအစားဖြင့် ပုံဆိုဒ် ၂၂၀၀ မှ ၅၇၀၀ ပစ်ဇယ်အထိသာ အသုံးပြုရမည်ဖြစ်ကြောင်း ကြေညာထားသည်။ ပေးပို့ယှဉ်ပြိုင်မည့် သတင်းဓာတ်ပုံများသည် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ယခုအချိန်အထိ ရိုက်ကူးထားသော ဓာတ်ပုံများဖြစ်ရမည်ဖြစ်ပြီး မတ် ၁၅ ရက် နောက်ဆုံးထား၍ stenincontest.com သို့ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း ဝက်ဘ်ဆိုက်တွင် အသေးစိတ်အချက်အလက်များ ဝင်ရောက်ဖတ်ရှုနိုင်ကြောင်း သိရသည်။



**ခင်ရတနာ၊ source– Sputnik**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၃-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၁၅ | ၂၇၆၅ | ၂၇၆၀ | ၂၇၂၅ | ၂၇၆၀ | ၂၇၈၅ | ၂၇၇၀ | ၂၇၅၀ | ၂၈၄၅ | ၂၈၆၅ | ၂၇၅၅ | ၂၇၆၅ | ၂၈၀၀ | ၂၈၀၀ | ၂၈၀၅ | ၃၀၃၅ | ၃၁၅၀ |
| 95 Ron | ၂၈၃၅ | ၂၈၈၅ | ၂၈၈၀ | ၂၈၄၀ | ၂၈၈၀ | ၂၉၀၅ | ၂၈၉၀ | ၂၈၆၅ | ၂၉၆၅ | ၂၉၈၀ | ၂၈၇၅ | ၂၈၉၀ | ၂၉၂၀ | ၂၉၂၀ | ၂၉၂၀ | ၃၁၅၀ | ၃၂၅၀ |
| HSD (500 ppm) | ၂၄၈၅ | ၂၅၃၅ | ၂၅၃၀ | ၂၄၉၅ | ၂၅၃၀ | ၂၅၅၅ | ၂၅၅၀ | ၂၅၁၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၂၅ | ၂၅၃၅ | ၂၅၇၀ | ၂၅၇၀ | ၂၅၇၅ | ၂၈၀၀ | ၃၅၄၀ |
| HSD (50 ppm) | ၂၅၂၅ | ၂၅၇၅ | ၂၅၇၀ | ၂၅၃၅ | ၂၅၇၀ | ၂၅၉၅ | ၂၅၉၀ | ၂၅၅၅ | ၂၆၇၅ | ၂၆၇၀ | ၂၅၆၅ | ၂၅၇၅ | ၂၆၁၀ | ၂၆၁၀ | ၂၆၁၅ | ၂၈၄၀ | ၃၅၉၅ |
| HSD (10 ppm) | ၂၅၃၅ | ၂၅၈၅ | ၂၅၈၀ | ၂၅၄၅ | ၂၅၈၀ | ၂၆၀၅ | ၂၆၀၀ | ၂၅၇၀ | ၂၆၉၀ | ၂၆၈၀ | ၂၅၇၅ | ၂၅၈၅ | ၂၆၂၀ | ၂၆၂၀ | ၂၆၂၅ | ၂၈၅၅ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၉၀ | ၂၆၇၆ |
| 95 Ron | ၂၇၀၅ | ၂၇၉၃ |
| HSD (500 ppm) | ၂၃၆၆ | ၂၄၄၃ |
| HSD (50 ppm) | ၂၄၀၅ | ၂၄၈၃ |
| HSD (10 ppm) | ၂၄၁၆ | ၂၄၉၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၄**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင်FM၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“မရပ်တန့်နိုင်သေးတဲ့ အကြမ်းဖက်သတ်ဖြတ်မှုများ”**ခေါင်းစဉ်ဖြင့် မတ် ၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“မိဘနှင့်ခွဲခွာပြီး တစ်မြို့တစ်ရွာတွင် ပညာသင်ကြားနေရသည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ ဖမ်းဆီးခြိမ်းခြောက်ခံရမှုများ”** ခေါင်းစဉ်ဖြင့်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီ အတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Messageပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စာသင်တိုက်ကြီးများမှ ဆရာတော်၊ သံဃာတော်များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို



**နေပြည်တော် မတ် ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စာသင်တိုက်ကြီးများမှ ဆရာတော်၊ သံဃာတော်အပါး ၁၆၀၊ အုပ်ချုပ်သူအဖွဲ့ဝင် ရှစ်ဦးနှင့် ဆေးအကူနှစ်ဦးတို့က လာရောက်ဖူးမြော်ကြည်ညိုကြသည်။

**လေ့လာကြည့်ရှု**

ပဲခူးတိုင်းဒေသကြီးမှ ဘုရားဖူးလာ ဆရာတော်၊ သံဃာတော်များသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက်များအတွင်း လေ့လာကြည့်ရှုကြသည်။ ယင်းနောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင် မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါမိပတိ သာသနဒ္ဓဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒအိုင်နှင့် အခြားသာသနိကအဆောက်အအုံများကို ဆက်လက်ဖူးမြော်လေ့လာကြည်ညိုခဲ့ကြသည်။

ထိုကဲ့သို့ ပဲခူးတိုင်းဒေသကြီးမှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ဆရာတော်၊ သံဃာတော်များအား မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့ပုံများကို ဗီဒီယိုမှတ်တမ်းများဖြင့် ရှင်းလင်းလျှောက်ထားကြသည်။

ထို့ပြင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် Basic Course For Broadcast Engineering လုပ်ငန်းခွင်သင်တန်းအမှတ်စဉ်(၂) ဖွင့်ပွဲကျင်းပ

**နေပြည်တော် မတ် ၄**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စက်မှုဌာနခွဲမှ ဝန်ထမ်းများအတွက် Basic Course For Broadcast Engineering သင်တန်းအမှတ်စဉ်(၂)သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Conference Room ၌ကျင်းပရာ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံ) ဦးဝင်းသူက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ အင်ဂျင်နီယာချုပ်နှင့် ဒုတိယအင်ဂျင်နီယာချုပ်တို့က အမှာစကားပြောကြားခြင်း၊ သင်တန်းနည်းပြများက သင်တန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား ၂၀ တက်ရောက်ပြီး သင်တန်းတွင် Power and Aircon၊ Basic Electronic Equipment၊ Audio system၊ Lighting system ဘာသာရပ်များအပါအဝင် နည်းပညာဘာသာရပ် ၁၄ မျိုးကို ဌာနတွင်းမှ ကျွမ်းကျင်ဝန်ထမ်းများနှင့် လက်တွေ့လေ့ကျင့်ခြင်း၊ ကျွမ်းကျင်တတ်မြောက်မှု ဆန်းစစ်ခြင်းများဖြင့် မတ် ၄ ရက်မှ ဧပြီ ၁ ရက်အထိ လေးပတ်ကြာ လေ့ကျင့်သင်ကြားမည်ဖြစ်ကြောင်းနှင့် အဆိုပါလုပ်ငန်းခွင်သင်တန်း(On job Training)များကို စဉ်ဆက်မပြတ် ဖွင့်လှစ်လေ့ကျင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ညောင်တုန်းမြို့ မဟာဝိသုတာရာမတိုက်သစ်(ပါဠိတက္ကသိုလ်) နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပူဇော်ပွဲနှင့် အလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ

**ညောင်တုန်း မတ် ၄**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ အမှတ်(၇)ရပ်ကွက်ရှိ မဟာဝိသုတာရာမ (ပါဠိတက္ကသိုလ်) နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် မော်ကွန်းကျောက်စာတိုင်ဖွင့်ပွဲနှင့် ရာပြည့်အထိမ်းအမှတ်ပူဇော်ပွဲကို မတ် ၄ ရက် နံနက်ပိုင်းက အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ ဆရာတော် ဘဒ္ဒန္တဥတ္တမာဘိဝံသက ကာလာရောစနဂါထာတော်ကို ဖတ်ကြား၍ မဟာဝိသုတာရာမ တိုက်သစ်ကျောင်း တိုက်အုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုလန္ဒာစရိယာဘိဝံသ၊ ပန်းတစ်ပွင့်တောင်ဆရာတော် ဒေါက်တာဘဒ္ဒန္တပညာသာရ၊ မကုဋရာမဆရာတော်(မုံရွာ) ဘဒ္ဒန္တမကုဋရာမနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။



ထို့နောက် မဟာဝိသုတာရာမတိုက်သစ်ကျောင်းတိုက်အုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုလန္ဒာစရိယာဘိဝံသထံမှ ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးနှင့်အဖွဲ့ဝင်များ၊ အလှူရှင်ဒါယကာ ဒါယိကာမများ၊ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်နှင့် တာဝန်ရှိသူများ၊ အလှူရှင် ဒါယကာ ဒါယိကာမများက ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ထွန်းကျော်**
**ထက်ဝေဖြိုး(ညောင်တုန်း)**

## ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ရွှေပညာဒါန (အခမဲ့) ရွှေအသိပညာပေးသင်တန်း ဖွင့်လှစ်ပို့ချ

**ရန်ကုန် မတ် ၄**

ရန်ကုန်တိုင်း ဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းက ကြီးမှူး၍ (၃၁) ကြိမ်မြောက် ရွှေပညာဒါန( အခမဲ့ ) ရွှေအသိပညာပေးသင်တန်း ဖွင့်လှစ်ပို့ချပွဲကို မတ် ၂ ရက်က အသင်းရုံးတည်ရှိရာ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း၌ ကျင်းပသည်။




**သင်ကြားပို့ချ**

သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၀၀ တက်ရောက်ကြသည်။ သင်တန်းပထမနေ့တွင် ရွှေတူးဖော်ခြင်း ဘာသာရပ်ကို ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့် (သိန်းသန်း စိန်ရွှေရတနာဆိုင်) (အပေါ်ပုံ)နှင့် ဆရာ ဦးတင်နိုင်ထွန်း (ဘူမိဗေဒပညာရှင်)တို့က ဗီဒီယိုပရိုဂျက်တာဖြင့် သင်ကြားပို့ချသည်။

သင်တန်းတွင် ရွှေတူးဖော်ခြင်းနည်းလမ်းများ၊ ဓာတ်ခွဲခန်းတွင် ကြိုတင်စစ်ဆေး စမ်းသပ်ပြီးမှ ရွှေထုတ်ယူခြင်းစနစ်များ၊ ကုန်ကျစရိတ်နည်းစွာဖြင့် ထုတ်လုပ်နိုင်မည့်နည်းလမ်းများ၊ ကျွမ်းကျင်လုပ်သားများကို အသုံးပြုခြင်းနည်းလမ်းများ၊ ရွှေတူးဖော်မည့် အသေးစား၊ အကြီးစား လုပ်ကွက်များအကြောင်းနှင့် လိုက်နာရမည့် သတ္တုတွင်းဥပဒေ၊ နည်းဥပဒေတို့ကို ရှင်းလင်းပို့ချကြသည်။

သင်တန်းကာလမှာ ၁၀ ရက်ကြာမြင့်မည်ဖြစ်ပြီး စာတွေ့ လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

○ ကျောဖုံးမှ

မန်စီးတီးအသင်းနဲ့ မန်ယူအသင်းတို့ယှဉ်ပြိုင်ကစားခဲ့တဲ့ မန်ချက်စတာဒါဘီပွဲစဉ်မှာ မန်ယူအသင်းက ပထမပိုင်းပွဲကစားချိန် ရှစ်မိနစ်မှာ တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ရဲ့သွင်းဂိုးနဲ့ ဦးဆောင်ဂိုးရရှိခဲ့ပေမယ့် မန်စီးတီးအသင်းက ဒုတိယပိုင်းပွဲကစားချိန် ၅၆ မိနစ်နဲ့ မိနစ် ၈၀ တို့မှာ ဖီးလ်ဖိုဒန်က နှစ်ဂိုး၊ သာမန်ပွဲကစားချိန် မိနစ် ၉၀ အလွန် နာကျင်အချိန်ပိုတစ်မိနစ်မှာ ဟာလန်းကတစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ မြို့ခံပြိုင်ဘက် မန်ယူအသင်းကို အနိုင်ရရှိခဲ့ခြင်းဟာ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ခုနစ်ကြိမ်မှာ ခြောက်ကြိမ်အထိ နိုင်ပွဲရရှိအောင်စွမ်းဆောင်နိုင်ခဲ့တာဖြစ်ပြီး မန်ယူအသင်းကတော့ မန်စီးတီးအသင်းကို ရှုံးနိမ့်ခဲ့လို့ ယခုဘောလုံးရာသီမှာ ပရီမီယာလိဂ်ပွဲစဉ် ၁၁ ပွဲအထိ ရှုံးပွဲကြုံတွေ့မှုနဲ့အတူ အဆင့်(၆)နေရာမှာ ရပ်တည်နေတာလည်း ဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ ပရီမီယာလိဂ်ပွဲစဉ်(၂၇)မှာ မန်ယူအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ရမှတ် ၆၂ မှတ်အထိ စုဆောင်းနိုင်ခဲ့ပြီဖြစ်ပြီး အမှတ်ပေးဇယားထိပ်က လီဗာပူးအသင်းနဲ့ ရမှတ်တစ်မှတ်သာ ကွာဟတော့တာလည်းဖြစ်ပါတယ်။

**ငွေကြယ်**

❖ MFF မှ

ပွဲစဉ် (၁၇) အပြီးတွင် YRG အသင်းက ၄၁ မှတ်၊ TG United အသင်းက ၃၇ မှတ်၊ SGF အသင်းက ၃၆ မှတ်၊ Sun Far အသင်းက ၃၄ မှတ်၊ Black Cross အသင်းက ၃၃ မှတ်၊ KKY အသင်းက ၂၇ မှတ်၊ ရွှေပြည်သာအသင်းက ၂၄ မှတ်၊ Maryar အသင်းက ရမှတ် ၂၀၊ Golden Yoma အသင်းက ၁၈ မှတ်၊ Seven အသင်းက ကိုးမှတ်၊ M–Million အသင်းက ခြောက်မှတ်၊ Noka United အသင်းက ငါးမှတ် ရရှိထားသည်။

**သတင်း – ကိုညီလေး**
**ဓာတ်ပုံ – MFF**

# အထက်မင်းလှမြို့နယ်၌ စပျစ်သီးများ လှိုင်လှိုင်ထွက်



**မကွေး မတ် ၄**

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့ပေါ်ရှိ အမှတ် (၁၀) ရပ်ကွက်နှင့် အထက်မင်းလှမြို့နယ်အတွင်း ကျေးရွာများဖြစ်သော ရွာတော်၊ ပန်းတော်ပြင်၊ မယ်ဇလီတောစသည့် ကျေးရွာများတွင် စပျစ်သီးနှံများကို စိုက်ပျိုးကြရာ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ တတိယပတ်မှစတင်၍ စပျစ်သီးများ ခူးဆွတ်ရောင်းချရပြီး ဖေဖော်ဝါရီလ စတုတ္ထပတ်တွင် စပျစ်သီးများ လှိုင်လှိုင်ထွက်ပေါ်နေပြီဖြစ်ကြောင်း သိရသည်။

စပျစ်သီးနှံစိုက်ပျိုးမှုအနေဖြင့် တစ်ဧကလျှင် စပျစ်အပင်ရေ ၂၀၀ ခန့်စိုက်ပျိုးနိုင်ပြီး သက်တမ်းအနေဖြင့် ကိုးနှစ်ခန့်ကြာမြင့်ကြောင်း၊ မျိုးအနေဖြင့် စပျစ်မျိုး ၈၀၀၀ ကျော်ရှိသည့်အနက် Black Queen နှင့် Big Black စပျစ်မျိုးကို ကိုင်းဖြတ်ပျိုးထောင်စနစ်ဖြင့် စင်တင်၍ စိုက်ပျိုးထားသည့်အပြင် စပျစ်သီးအချွန်မျိုးကိုလည်း အပင်ရေအနည်းငယ် စိုက်ပျိုးထားကြောင်း၊ စိုက်ပျိုးရာတွင် ဆောင်းစပျစ်နှင့် မိုးစပျစ်ဟူ၍ စိုက်ပျိုးထားရှိပြီး မိုးစပျစ်ကို ဝိုင်ထုတ်လုပ်ရန်အတွက်သာ အသုံးပြု၍ ဆောင်းစပျစ်ကို အသီးစားသုံးရန်အတွက် ရောင်းချကြကြောင်း၊ ဆောင်းစပျစ်မှာ ၂၀၂၃ ခုနှစ် နိုဝင်ဘာလဆန်းတွင် အဖူးအပွင့်များ စတင်ဖူးပွင့်၍ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ တတိယပတ်တွင် စတင်ခူးဆွတ်နိုင်ပြီး ကုန်ကျစရိတ်အနေဖြင့် တစ်နှစ်လျှင် စပျစ်ခြံပြန်လည်ပြုပြင်ခြင်း၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်းငွေကျပ် သိန်း ၅၀ ကျော်ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် ယခုနှစ်တွင် ရာသီဥတုနှင့် သီးနှံအထွက်နှုန်းကောင်းမွန်သည့်အတွက် ပိဿာချိန် ၇၀၀ မှ ၈၀၀ ကြား ထွက်ရှိနိုင်မည်ဟု မျှော်မှန်းထားကြောင်း၊ ဈေးနှုန်းအနေဖြင့် Black Queen စပျစ်သီး တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀ ဖြင့်လည်းကောင်း၊ Big Black စပျစ်သီးတစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၀ ဖြင့်လည်းကောင်း၊ စပျစ်အချွန်သီး တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၀ ဖြင့်လည်းကောင်း ရောင်းချလျက်ရှိပြီး ဈေးကွက်အနေဖြင့် မင်းလှမြို့ သစ်သီးဆိုင်များမှ စပျစ်ခြံသို့ လာရောက်ဝယ်ယူကြကြောင်း သိရသည်။

# ကျောက်ဆည်ခရိုင်၌ ပဲကြီးအစိုများ စတင်ထွက်ပေါ်လျက်ရှိ

**မန္တလေး မတ် ၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံမျိုးများ စိုက်ပျိုးသည့်အပြင် စားဖိုဆောင်သီးနှံများကိုလည်း မိသားစုအပိုဝင်ငွေရရှိရေးအတွက် ရာသီအလိုက် စိုက်ပျိုးကြကြောင်း၊ ပဲကြီးသီးနှံကို ယခင်က လယ်ကန်သင်းရိုးများတွင် တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြပြီး ယခုအချိန်တွင် ယာမြေ၊ လယ်မြေနှင့် ကိုင်းကျွန်းမြေများတွင်လည်း အများအပြားစိုက်ပျိုးလာကြကြောင်း၊ ကျောက်ဆည်ခရိုင်တွင် ပဲကြီးသီးနှံ ၁၄၃၅ ဧကစိုက်ပျိုးထားကြောင်း ခရိုင်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ပဲကြီးသီးနှံကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးကြပြီး ဖေဖော်ဝါရီလနှင့် မတ်လများတွင် ရိတ်သိမ်းရရှိကြောင်း၊ စိုက်ပျိုးပြီး လေးလခန့်အကြာ ပဲကြီးသီးနှံများ ရင့်မှည့်လာချိန်တွင် တောင်သူအများစုမှာ ပဲကြီးအစိုများကို ခူးဆွတ်ရောင်းချကြကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ငွေကျပ် ၅၀၀၀၀၀ ခန့်ကုန်ကျပြီး ဈေးနှုန်းအနေဖြင့် ပဲကြီးသီးနှံ ပေါ်ဦးပေါ်စအချိန်တွင် ပဲကြီးအစို တစ်ပြည်လျှင် ငွေကျပ် ၄၀၀၀ ဖြင့် လည်းကောင်း၊ ပဲကြီး အခြောက်တစ်တင်းလျှင် ငွေကျပ် ၁၁၀၀၀၀ ဖြင့်လည်းကောင်း ရောင်းချကြကြောင်း၊ ပဲကြီးသီးနှံစိုက်ပျိုးခြင်းဖြင့် တောင်သူများ မိသားစုအပိုဝင်ငွေရရှိရုံသာမက ကျွဲစာ၊ နွားစာများ ဖူလုံစွာရရှိသောကြောင့် ပိုမိုတိုးချဲ့စိုက်ပျိုးသင့်သည့် သီးနှံဖြစ်ကြောင်း သိရသည်။





# ကံပိုင်တည်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှု အခြေအနေ

**ကံပိုင်တည် မတ် ၄**

ကံပိုင်တည်ကုန်သွယ်ရေးစခန်းမှ ၂၀၂၄ ခုနှစ် မတ်လ ကုန်သွယ်မှုလျာထားချက်မှာ ပို့ကုန် ၂၀ ဒသမ ၀၀ ဒေါ်လာသန်းနှင့် သွင်းကုန် ၂ ဒသမ ၅၀ ဒေါ်လာသန်းဖြင့် စုစုပေါင်း ၂၂ ဒသမ ၅၀ ဒေါ်လာသန်း ဖြစ်သည်။

၂၀၂၄ ခုနှစ် မတ် ၂ ရက်အထိ အမှန်ကုန်သွယ်မှုမှာ ပို့ကုန် ၂ ဒသမ ၇၄၀ ဒေါ်လာသန်း၊ သွင်းကုန် သုည ဒသမ ၂၆၁ ဒေါ်လာသန်း စုစုပေါင်း ၃ ဒသမ ၀၀၂ ဒေါ်လာသန်းဖြစ်သဖြင့် ကုန်သွယ်မှုလျာထားချက်အပေါ် ၁၃ ဒသမ ၃၄၁ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၂ ရက်အထိ ပို့ကုန်ပိုင်းတွင် အဓိကပို့ကုန်ဖြစ်သည့် တစ်သျှူးငှက်ပျောတင်ပို့မှုအနေဖြင့် တန် ၁၅၀၀၀၊ ကြက်သွန်နီ ၂၇၃ တန်၊ ငရုတ်သီး တန် ၁၇၀ ၊ ဖရဲသီး တန် ၂၀၀ နှင့် ရွှေဖရုံသီး ၅၃၉ တန် တင်ပို့နိုင်ခဲ့သည်။

အများဆုံးသွင်းကုန်ပစ္စည်းများမှာ သံကြိုးခွေ၊ Hollow Pipe ၊ Iron Pipe၊ လိမ္မော်သီးနှင့် လူသုံးအဝတ်အထည်များဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုပစ္စည်း ၁၁၉ ဒသမ ၁၀ တန်၊ လုပ်ငန်းသုံးပစ္စည်း ၄၆၃ ဒသမ ၃၀ တန်နှင့် လူသုံးပစ္စည်း ၁၇၈ ဒသမ ၈၀ တန် တင်သွင်းနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းရင်းမြစ် – စီးပွား/ကူးသန်း**

### ၄.၃.၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၄၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၆၁၅၀ | ၁၈၀၀၀ | ၄၀၀၀ | ၂၀၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၅၀၀ | ၄၅၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၆၀၀ | | ၈၀၀၀ | ၁၇၀၀၀ | ၆၃၀၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၉၅၀ | | ၇၀၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၇၅၀၀ | ၄၀၀၀ | ၁၆၅၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၃၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၄ | တောင်ကြီး | ၃၃၀၀ | ၃၁၀၀ | ၆၈၀၀ | ၁၆၅၀၀ | ၅၇၅၀ | ၁၉၀၀၀ | ၃၅၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၃၃၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၅ | လွိုင်ကော် | | | | | | | | | | | | | | | | | | | | | | |
| ၆ | ဘားအံ | ၃၅၀၀ | | ၅၇၀၀ | ၁၅၀၀၀ | ၅၉၀၀ | ၁၃၀၀၀ | ၃၃၀၀ | ၁၉၀၀၀ | ၁၂၀၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၂၁၅ | ၁၆၀၀၀ | ၃၂၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၄၃၀၀ | | ၆၉၀၀ | ၁၇၀၀၀ | ၅၉၀၀ | ၁၃၅၀၀ | ၃၅၀၀ | ၁၉၅၀၀ | ၁၂၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၇၅၀၀ | ၃၅၀၀ | ၃၂၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၄၀၀၀ | | ၆၂၀၀ | ၁၆၀၀၀ | ၅၉၅၀ | ၁၃၅၀၀ | ၃၅၀၀ | ၁၉၆၀၀ | ၁၂၀၀၀ | ၈၂၀၀ | ၆၆၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၃၀၀ | ၄၄၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၂၃၅၀၀ | |
| ၁၀ | ရန်ကုန် | ၃၈၀၀ | | ၅၅၀၀ | ၁၆၀၀၀ | ၅၄၁၅ | ၁၅၀၀၀ | ၄၀၀၀ | ၂၀၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၂၀၀ | ၄၆၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၆၅၀ | | ၅၃၅၀ | ၁၆၀၀၀ | ၅၆၃၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၉၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၈၀၀ | ၆၈၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | | | | | | | | | | | | | | |
| ၁၃ | ဟားခါး | ၇၀၀၀ | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၄ | မုံရွာ | ၄၀၀၀ | ၄၀၀၀ | ၆၄၀၀ | ၁၃၅၀၀ | ၅၉၀၀ | ၁၂၀၀၀ | ၂၈၀၀ | ၁၆၀၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၈၀၀ | ၆၉၀၀ | ၇၂၀၀ | ၃၅၀၀ | ၂၈၀၀ | ၄၂၀၀ | ၉၅၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၅ | မန္တလေး | ၄၂၀၀ | | ၆၈၀၀ | ၁၄၀၀၀ | ၆၀၄၀ | ၁၂၀၀၀ | ၃၂၀၀ | ၁၉၀၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၈၀၀ | ၈၅၀၀ | ၆၈၀၀ | ၆၀၀၀ | ၃၀၀၀ | ၄၄၀၀ | ၁၁၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | | ၆၃၀၀ | ၁၃၀၀၀ | ၅၈၀၀ | ၁၆၀၀၀ | ၂၈၀၀ | ၁၇၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၆၅၀ | ၇၅၀၀ | ၈၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၇ | မကွေး | ၃၄၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၅၈၀၀ | ၁၂၅၀၀ | ၂၄၀၀ | ၁၆၀၀၀ | ၁၂၅၀၀ | ၈၅၀၀ | ၅၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၄၀၀ | ၃၂၀၀ | ၃၂၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၃၀၀၀ |
| ၁၈ | ပြည် | ၃၃၀၀ | | ၅၃၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၈၀၀၀ | ၃၂၀၀ | ၂၀၀၀၀ | ၁၁၀၀၀ | | ၆၀၀၀ | ၆၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၃၀၀ | ၃၈၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၃၃၀၀ | | ၅၂၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၅၀၀၀ | ၂၇၀၀ | ၁၉၀၀၀ | ၁၁၅၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၅၀ | ၇၅၀၀ | ၆၆၀၀ | ၃၇၀၀ | ၂၈၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၅၀၀ | | ၆၆၀၀ | ၁၄၀၀၀ | ၅၅၅၀ | ၁၃၀၀၀ | ၂၆၀၀ | ၁၆၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၅၀၀ | ၇၅၀၀ | ၇၂၀၀ | ၄၀၀၀ | ၃၂၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၅၀၀ | | ၆၆၀၀ | ၁၄၀၀၀ | ၅၅၅၀ | ၁၅၀၀၀ | ၂၈၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၇၂၀၀ | ၄၂၀၀ | ၃၄၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၈၀၀ | ၄၀၀၀ | | ၁၅၀၀၀ | ၇၀၀၀ | ၂၄၀၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၁၂၀၀၀ |

မှတ်ချက်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်
## သာသနာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အတွင်း ပုံနှိပ်တိုက်လည့်ပတ် ရန်ပုံငွေဖြင့် ပုံနှိပ်လုပ်ငန်းသုံးစက္ကူ (၂)မျိုး၊ ပုံနှိပ်မင်နှင့်ဆက်စပ်ပစ္စည်း (၈) မျိုး ဝယ်ယူရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| | |
|---|---|
| တင်ဒါပုံစံရောင်းချမည့်နေရာ - | ပုံနှိပ်ထုတ်ဝေရေးဌာနခွဲ၊ သာသနာရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)။ ငွေစာရင်းဌာနစု၊ သာသနာရေးဦးစီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော် |
| တင်ဒါပုံစံရောင်းချမည့် နေ့ရက်/အချိန် - | ၅-၃-၂၀၂၄ရက်နေ့မှ ၁၈-၃-၂၀၂၄ရက်နေ့ထိ (၉:၃၀ နာရီမှ ၁၆:၀၀ နာရီထိ) |
| တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေ့ရက်/ အချိန် - | ၁၉-၃-၂၀၂၄ ရက်နေ့မှ ၂၀-၃-၂၀၂၄ရက်နေ့ထိ (၉:၃၀ နာရီမှ ၁၆:၀၀ နာရီထိ) |
| တင်ဒါဖွင့်မည့် နေရက်/အချိန် - | အကြောင်းကြားဆက်သွယ်ပါမည်။ |
| တင်ဒါတင်သွင်းမည့်နေရာနှင့် ဖွင့်မည့်နေရာ - | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော်။ |

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူမည့်အချက်အလက်များအား အသေးစိတ်သိရှိလိုပါက သာသနာရေးဦးစီးဌာန၊ ရန်ကုန်(ရုံးခွဲ)၊ ပုံနှိပ်ထုတ်ဝေရေးဌာနခွဲ (ညွှန်ကြားရေးမှူး) (ဖုန်း- ၀၁-၆၅၂၁၃၅၊ ၀၁-၆၆၀၈၃၅)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## တောင်ကြီးမြို့အကောက်ခွန်ဦးစီးဌာန
## ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်း

၁။ တောင်ကြီးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ဆိုင်ကယ် အပိုပစ္စည်းနှင့် အရက်မျိုးစုံတို့အား အောက်ပါအတိုင်း လေလံတင် ရောင်းချသွားမည် ဖြစ်ပါသည်-

(က) လေလံတင်ရောင်းချမည့်။ ။ ၁၄ - ၃ - ၂၀၂၄ နေ့ရက်

(ခ) လေလံတင်ရောင်းချမည့် ။ ။ နံနက် (၁၀:၀၀) နာရီ အချိန်

(ဂ) လေလံတင်ရောင်းချမည့်။ ။ မြို့နယ်အကောက်ခွန်ဦးစီး နေရာ ဌာနမှူးရုံး ၊ တောင်ကြီးမြို့။

၂။ လေလံတင်ရောင်းချခြင်းနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက တောင်ကြီးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး ဖုန်း ၀၈၁-၂၁၂၁၁၅၈) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**တောင်ကြီးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၄/ရွာမရပ်၊ မြေကွက်အမှတ် (ပ.၄၇၁၈ ) ကို အမည်ပေါက် ဦးကျော်မင်းလွင် (ဘ) ဦးစံ မှတ်ပုံတင်အမှတ် [၅/ခဥန(နိုင်)၀၀၈၁၄၈] (ကွယ်လွန်)၏ အမွေခံသမီးဖြစ်သူ ဒေါ်မေဖြိုးအောင် (ဘ) ဦးကျော်မင်းလွင် မှတ်ပုံတင်အမှတ် [၅/ခဥန(နိုင်)၀၈၉၆၄၆]မှ မြေပေးစလစ်(မူရင်း) ပျောက်ဆုံးသွားသဖြင့် မြေပေးစလစ်(မိတ္တူမှန်) ထုတ်ပေးပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ အမည်ပေါက်၏ သေဆုံးမှုလက်မှတ်၊ မြေပေးစလစ် ပျောက်ဆုံးကြောင်းနှင့် အမွေခံ ဇနီး/ခင်ပွန်း မှန်ကန်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ မြေကွက်ဖိုးသွင်းချလန်၊ မြေပြင်အခြေအနေပြဓာတ်ပုံတို့တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း(၃၀) အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပေးစလစ်(မိတ္တူမှန်) လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်-ဆဆ-၁၁၊ ဦးပိုင်အမှတ်(၃၆)၊ ၄၈x၄၉ လမ်းကြား၊ အောင်ဆန်းလမ်းရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ဦးထွန်းအေးထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် အမှတ်(၃၄၅၉/၂၀၂၂)ဖြင့် ဝယ်ယူခဲ့သော ဇနီးဖြစ်သူ ဒေါ်စန်းဖြူဖြူမြင့် ကွယ်လွန်၍ ကျန်ရစ်သော ခင်ပွန်း ဦးအောင်ထက်ဦး [၉/မဟမ(နိုင်)၀၀၃၀၂၆] က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန၊ မော်လမြိုင်မြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွန်ပြည်နယ်၊ နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(မုဒုံ)မှ ထွက်ရှိသော အောက်ဖော်ပြပါ မှိုင်းခံရော်ဘာအဆင့်အတန်း အမျိုးမျိုးတို့အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်၍ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည် -

| စဉ် | Lot No | အမျိုးအစား | အရေအတွက်(ပေါင်) |
|---|---|---|---|
| (က) | Lot 1 | မှိုင်းခံရော်ဘာအဆင့်(၁) | ၇၀၀၇၀ |
| (ခ) | Lot 2 | မှိုင်းခံရော်ဘာအဆင့်(၂) | ၆၈၆၄၀ |
| (ဂ) | Lot 3 | မှိုင်းခံရော်ဘာအဆင့်(၃) | ၃၆၃၃၀ |
| (ဃ) | Lot 4 | မှိုင်းခံရော်ဘာအဆင့်(၄) | ၂၈၁၆၀ |
| (င) | Lot 5 | မှိုင်းခံရော်ဘာအဆင့်(၅) | ၉၁၉၆၀ |
| (စ) | Lot 6 (a) | အမြှုပ်ပြား | ၅၅၀ |
| | Lot 6 (b) | ဆွဲဖတ်ခွက်ကပ် | ၁၃၉၃၂ |

၂။ တင်ဒါပုံစံစတင်ဝယ်ယူနိုင် သည့်နေရာ/ရက် - ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးရုံး၊ မော်လမြိုင်မြို့ (၆-၃-၂၀၂၄) ရက် (ရုံးချိန်တွင်း)

၃။ တင်ဒါပိတ်မည့်ရက်/အချိန် - (၁၉-၃-၂၀၂၄)ရက်၊ (၁၆:၀၀) နာရီ

၄။ တင်ဒါဖွင့်မည့်ရက်/အချိန် - (၂၀-၃-၂၀၂၄)ရက်၊ ဗုဒ္ဓဟူးနေ့ (၁၀:၀၀) နာရီ

၅။ အသေးစိတ်သိရှိလိုပါကဖုန်း - (၀၅၇၂၄၄၆၀၊ ၀၉၄၂၅၂၈၁၁၃၁) များသို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပတ်စ်ပို့ပျောက်

ကျွန်မ မ-မလောင်ဆိုင်းဇီ [၁/မကန(နိုင်)၂၇၀၄၃၈] ၏ ပတ်စ်ပို့နံပါတ် (MG-997297) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၆၂၅၆၄၀၃**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ချစ်နိုင်ဦး [၅/ကလထ(နိုင်) ၂၆၉၅၅၉] ၏ ပတ်စ်ပို့နံပါတ် (MF931375) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

**ဖုန်း-09-989307735**

## " ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း "

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင် ၁၊ အပိုင်း ၃၊ ၃၇ လမ်း၊ ၆၇ အေလမ်းသွယ်တွင် နေထိုင်သော ဦးစည်သူဝင်း [၉/မဟမ(နိုင်)၀၄၂၈၈၄] နှင့် မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ်ရပ်ကွက်၊ ၃၆ လမ်း၊ ၇၃x၇၄ လမ်းကြားတွင် နေထိုင်သော ဦးပြည့်စုံအောင် [၉/မဟမ(နိုင်)၀၅၆၃၁၆]သည် အောက်တွင်ဖော်ပြထားသောအမှတ်တံဆိပ်များအား မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်မူပိုင်ရှင်များဖြစ်ပါသည် -




**စာချုပ်အမှတ် - ၆၈၅ /၂၀၂၂ (နေ့စွဲ-၂၂-၃-၂၀၂၂)**

အထက်ဖော်ပြပါ **"ဒေါင်းရာဇာ"** အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ချောင်းဆိုးပျောက်ဆေး၊ လျက်ဆားနှင့် တိုင်းရင်းဆေး အမျိုးမျိုးတို့အား မိမိတို့ကိုယ်တိုင်မြန်မာပြည်တွင်ထုတ်လုပ်၍ လက်လီ/ လက်ကား ဖြန့်ဖြူးရောင်းချခြင်း၊ ဆိုင်ခန်းများဖွင့်လှစ်၍ရောင်းချခြင်း၊ Onlineမှတစ်ဆင့် ရောင်းချ ပေးခြင်းအပြင် အဆိုပါ ထုတ်ကုန်ပစ္စည်းများအပါအဝင် ယင်းပစ္စည်းများ ထည့်သွင်းထုပ်ပိုးပေးမည့် ပလတ်စတစ်အိတ်များ၊ လက်ဆွဲအိတ်များ၊ ပါကင်ထုပ်များ၊ ဘူးခွံများ အပေါ်တွင် အသားတံဆိပ်အနေဖြင့်အရွယ်အစားအမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးကိုဖိနှိပ်/ကပ်နှိပ်/ရိုက်နှိပ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံး၌ အသုံးပြုလျက်ရှိပါသည်။

ထို့အပြင် အထက်တွင်ဖော်ပြထားသော **"ဒေါင်းရာဇာ" (စာချုပ်အမှတ်-၆၈၅/၂၀၂၂)** အမှတ်တံဆိပ် အမည်အမှတ်အသားအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် လျှောက်ထားခဲ့ရာ မူပိုင်ခွင့်ဦးစီးဌာနမှ Application Number - T/2023/004194 ဖြင့် လျှောက်ထားချက်အား လက်ခံထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မှိုငြမ်းတုပသုံးစွဲခြင်း၊ အမည်စာသားပုံစံတူထုတ်လုပ် ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် ထင်ယောင် ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြရန်သတိပေးတားမြစ်ပါသည်။အကယ်၍ သတိပေးတားမြစ်ချက်အပေါ် လိုက်နာခြင်းမရှိပါက မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို တရားစွဲဆိုဆောင်ရွက်သွားမည့်အပြင် တုပပြုလုပ်သည့် တံဆိပ်အမှတ်အသား အမည်တို့ကို ဖျက်သိမ်းပျက်ပြယ်သွားသည်အထိ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးစည်သူဝင်း နှင့် ဦးပြည့်စုံအောင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမင်းမင်းသိမ့်(LL.B,D.B.L,D.I.L,D.M.L) ဒေါ်ခိုင်ဆုဝေ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၃၇) အထက်တန်းရှေ့နေ(စဉ်-၅၂၀၆၅)**
**အမှတ်(၁၉)၊ ရွှေကမ္ဘာအိမ်ရာ(၉)လမ်း၊ မင်းဓမ္မလမ်းမကြီး၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၉၈၉၄၂၊ ၀၉-၇၉၅၉၂၁၉၃၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆/အဆင့်မြင့်)၊ မြေကွက်အမှတ်-၇၅၉၊ ဧရိယာ(၀.၀၈၄)ဧက၊ မြေအမျိုးအစား-နှစ် (၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိအမှတ် - ၇၅၉၊ ကျောက်စိမ်းလမ်း၊ (၃၆/အဆင့်မြင့်) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့၏ မြို့မြေစာရင်း အမည်ပေါက်ပိုင်ရှင် ဒေါ်သန်းခင်ဆင့် [၁၂/မဂတ (နိုင်) ၀၄၈၉၆၆ ] [ ၎င်း၏ကိုယ်စား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၁၆၅၁/၂၀၂၃ (၂၂-၆-၂၀၂၃)ရရှိသူ ဦးအောင်ကျော်ထူး (ဘ) ဦးမင်းစင် [၉/မနမ(ပြု)၀၀၀၀၀၇] မှ မိမိတစ်ဦးတည်း တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇) ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးအေးမင်းဇော်** | **ဦးကျော်မင်းနိုင်** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၆၅)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၆၃)** |

**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

